နောက်ဆက်တွဲ (၁၀)

Sheet (1)

Thuriya Energy Depot Management Co., Ltd

Kyat Earning Statement

Sr. No.	Particular	Year									
		1	2	3	4	5	6	7	8	9	10
	Income	5050	5302	5555	5807	6060	6312	6564	6817	7069	7322
	Income Tax 25%	-	-	-	302	365	428	446	509	572	588
	Total Expenses	-	-	-	302	365	428	446	509	572	588
	Net Kyat Earning	5050	5302	5555	5505	5695	5884	6118	6308	6497	6734

နောက်ဆက်တွဲ (၁၀)

Sheet (2)

Thuriya Energy Depot Management Co., Ltd

Kyat Earning Statement

Sr. No.	Particular	Year									
		11	12	13	14	15	16	17	18	19	20
	Income	7574	7574	7574	7574	7574	7574	7574	7574	7574	7574
	Income Tax 25%	652	652	652	652	652	652	652	652	652	652
	Total Expenses	652	652	652	652	652	652	652	652	652	652
	Net Kyat Earning	6922	6922	6922	6922	6922	6922	6922	6922	6922	6922

နောက်ဆက်တွဲ (၁၀)

Sheet (3)

Thuriya Energy Depot Management Co., Ltd

Kyat Earning Statement

Sr. No.	Particular	Year									
		21	22	23	24	25	26	27	28	29	30
	Income	7827	7827	7827	7827	7827	7827	7827	7827	7827	7827
	Income Tax 25%	797	797	797	797	797	797	797	797	797	797
	Total Expenses	797	797	797	797	797	797	797	797	797	797
	Net Kyat Earning	7030	7030	7030	7030	7030	7030	7030	7030	7030	7030

Thuriya Energy Depot Management Co., Ltd

Employee Statement

Local Employees


(Million)

Sr No	Designation	Salary Year 1-10		Salary Year 11-20		Salary Year 21-30		No of employee	Total		
		Month	Years	Month	Years	Month	Years		Year(1-10)	Year(11-20)	Year(21-30)
1	Manager	400,000	4,800,000	420,000	5,040,000	441,000	5,292,000	1	4,800	5,040	5,292
2	Assitstant Manager	350,000	4,200,000	367,500	4,410,000	385,875	4,630,500	2	8,400	8,820	9,261
3	Chief Accountant	350,000	4,200,000	367,500	4,410,000	385,875	4,630,500	1	4,200	4,410	4,631
4	Accountant	200,000	2,400,000	210,000	2,520,000	220,500	2,646,000	4	9,600	10,080	10,584
5	Engineer	300,000	3,600,000	315,000	3,780,000	330,750	3,969,000	3	10,800	11,340	11,907
6	Caisher	150,000	1,800,000	157,500	1,890,000	165,375	1,984,500	2	3,600	3,780	3,969
7	Receiptionist	70,000	840,000	73,500	882,000	77,175	926,100	2	1,680	1,764	1,852
8	Skill Workers	120,000	1,440,000	126,000	1,512,000	132,300	1,587,600	5	7,200	7,560	7,938
9	Unskill Workers	100,000	1,200,000	105,000	1,260,000	110,250	1,323,000	10	12,000	12,600	13,230
10	Guard	80,000	960,000	84,000	1,008,000	88,200	1,058,400	10	9,600	10,080	10,584
11	Cleaner	70,000	840,000	73,500	882,000	77,175	926,100	10	8,400	8,820	9,261
	Total							50	80,280	84,294	88,509


၆။ မြေပုံများ

- မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတ်မှတ်ထားသော မြေကွက်ပုံ
- အဆိုပြု စက်သုံးဆီ သိုလှောင်ကန်များအတွက် Plan ပုံ

သီလဝါဆိပ်ကမ်း ဖွံ့ဖြိုးရေးစီမံကိန်း တည်နေရာပြပုံ



သီလဝါဆိပ်ကမ်း ဖွံ့ဖြိုးရေးစီမံကိန်း တည်နေရာပြပုံ



၇။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်/ ပဋိညာဉ်စာချုပ်နှင့် မြေငှား စာချုပ်(မူကြမ်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅) ၃ - ၁၀၆ /နပတ(၅၈၆)

ရက်စွဲ ၊ ၂၀၁၂ ခုနှစ် ၊နိုဝင်ဘာလ ၉ ရက်

အကြောင်းအရာ။ **မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် သူရိယစွမ်းအင် သိုလှောင်ရေးစီမံခန့်ခွဲမှုကုမ္ပဏီလီမိတက် (Thuriya Energy Depot Management Co.,Ltd) တို့ ချုပ်ဆိုမည့် စာချုပ်(မူကြမ်း)များ အပေါ် သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ၂၂-၁၀-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ဆက/ မြို့ပြ(TEDML)/၁၈၀၇/၂၀၁၂

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပိုင်ဆိုင်သော သီလဝါဆိပ်ကမ်းနယ်မြေ မြေကွက်အမှတ် ၁၇၊၁၈ (စီ)တွင် စက်သုံးဆီသိုလှောင်ကန်များ တည်ဆောက်၍ သိုလှောင်ဖြန့်ဖြူးခြင်းဝန်ဆောင်မှုလုပ်ငန်းများအား B.O.T စနစ်ဖြင့်ဆောင်ရွက်ရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် သူရိယစွမ်းအင်သိုလှောင်ရေးစီမံခန့်ခွဲမှုကုမ္ပဏီလီမိတက်(Thuriya Energy Depot Management Co.,Ltd) တို့ ချုပ်ဆိုမည့် စာချုပ်(မူကြမ်း)များအပေါ် သဘောထားမှတ်ချက်ပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံလာသောကိစ္စဖြစ်ပါသည်။

၂။ ပူးတွဲပေးပို့လာသော ပဋိညာဉ်စာချုပ်(မူကြမ်း)အား ဥပဒေရှုထောင့်မှ လေ့လာစိစစ်ပြီး အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည်-

(က) စာချုပ်(မူကြမ်း) အပိုဒ် ၅ ပေးချေရမည့် မြေအသုံးချမှုပရီမီယံကြေး၊ အပိုဒ် ၆ ပေးချေရမည့် မြေငှားရမ်းခနှုန်းထားများနှင့် စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း ပေးသွင်းခြင်းမရှိပါက ဒဏ်ကြေးရယူရန်မသင့် ဌာနမှ စဉ်းစားသင့်ပါသည်၊

(ခ) စာချုပ်(မူကြမ်း) အပိုဒ်၈ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏တာဝန်များ၊ အပိုဒ်ခွဲ(ဂ) တွင် "သတ်မှတ်ထားသော စံနှုန်းများနှင့် အညီ "Thuriya Energy Depot Management Project" ကို သတ်မှတ်ကာလအတွင်းပြီးမြောက်အောင်ဆောက်လုပ်ရမည်" ဟုဖော်ပြထားသော်လည်း စာချုပ်(မူကြမ်း)တွင် စံနှုန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းကမ်းချက်များမပါရှိသဖြင့် ဌာနမှ ပြန်လည်စိစစ်သင့်ပါသည်၊

(ဂ) စာချုပ်(မူကြမ်း) အပိုဒ် ၁၀ တည်ဆောက်ရေးကာလ၊ အပိုဒ်ခွဲ(ခ)တွင် Thuriya Energy Depot Management Project ပါ တည်ဆောက်ရေးလုပ်ငန်းကို မမျှော်မှန်းထားသည့်အကြောင်း တစ်စုံတစ်ရာကြောင့်သတ်မှတ်ကာလအတွင်း တည်ဆောက်မှုလုပ်ငန်းများ မပြီးပြတ်ပါက တည်ဆောက်ရေးကာလသက်တမ်းတိုးမြှင့်မှုကိုနှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ဖြင့် သက်တမ်းတိုးမြှင့်၍ ဆောင်ရွက်ရမည်ဟုဖော်ပြထားရာ သတ်မှတ်ကာလအတွင်း တည်ဆောက်မှုလုပ်ငန်းများမပြီးပြတ်ပါက ဌာနမှ မည်သို့အရေးယူဆောင်ရွက်မည်ကို ဌာန၏လိုအပ်ချက်နှင့်အညီ ထည့်သွင်းဖော်ပြသင့်ပါသည်၊

(ဃ) စာချုပ်(မူကြမ်း)အပိုဒ် ၁၁ လုပ်ငန်းအကောင်အထည်ဖော်ရန် တာဝန်ယူသည့်ဘဏ်အာမခံစာပိုဒ်တွင် ဖော်ပြပါရှိသော ဘဏ်အာမခံပုံစံသည် အစိုးရဘဏ်မှ

သတ်မှတ်ထားသော ပုံစံအတိုင်းဖြစ်ရန်လိုအပ်ပြီး စာချုပ်(မူကြမ်း)ပါ စည်းကမ်းချက်များနှင့် ညီညွတ်ရန်လိုအပ်ပါသည်၊

(င) စာချုပ်(မူကြမ်း) အပိုဒ် ၁၉ ပဋိညာဉ်စာချုပ်သက်တမ်းတိုးမြှင့်ခြင်းတွင် တိုးမြှင့်သည့် အကြိမ်ကာလများကို ဖော်ပြရန်လိုအပ်ပါသည်။

(စ) စာချုပ်(မူကြမ်း)အပိုဒ် ၂၂ အထွေထွေကိစ္စရပ်များ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသည့် "အရေးကြီးသောမည်သည့်တွေ့ရှိမှု" ဆိုသည်မှာ မည်သည်ကို ဆိုလိုကြောင်း ရှင်းလင်းစွာဖော်ပြသင့်ပါသည်

(ဆ) လိုအပ်သောနေရာများတွင် မင်နီဖြင့် ပြင်ဆင်ရေးသားပေးလိုက်ပါသည်။

၃။ ပူးတွဲပေးပို့လာသော မြေငှားစာချုပ်(မူကြမ်း)အား ဥပဒေရှုထောင့်မှ လေ့လာ စိစစ်ပြီး အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည်-

(က) စာချုပ်(မူကြမ်း) စာချုပ်ဝင်များ အပိုဒ်အောက်ရှိ အပိုဒ်ခွဲ(ခ)ပူးတွဲ(၁) ဖြင့် ဖော်ပြထားသော ငှားရမ်းမည့်မြေကွက်နှင့်စပ်လျဉ်း၍သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနမှ တရားဝင်ရေးဆွဲထားသောမြေပုံဖြစ်ရန် လိုအပ်ပါသည်၊

(ခ) စာချုပ်(မူကြမ်း) တွင် အငှားချထားမည့် မြေတည်နေရာနှင့် လုပ်ငန်းအစီအစဉ်တို့အား သီးခြားစာပိုဒ်များဖြင့် ဖော်ပြသင့်ပါသည်၊

(ဂ) စာချုပ်(မူကြမ်း)အပိုဒ် ၁(က) မြေအသုံးချမှုပရိမိယံ၊ အပိုဒ် ၁(ခ)မြေငှားခများ စသည်တို့နှင့် စပ်လျဉ်း၍ အထက်အပိုဒ် ၂(က)ပါအကြံပြုချက်အတိုင်း အကြံပြုပါသည်၊

(ဃ) စာချုပ်(မူကြမ်း)အပိုဒ် ၆ တွင် ဖော်ပြထားသည့် ''အရေးကြီးသော မည်သည့်တွေ့ရှိမှု'' ဆိုသည်မှာ မည်သည်ကိုဆိုလိုကြောင်း ရှင်းလင်းစွာဖော်ပြသင့်ပါသည်၊

(င) စာချုပ်(မူကြမ်း)အပိုဒ် ၁၆၊ ၁၇ စာချုပ်သက်တမ်းတိုးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ အထက် အပိုဒ် ၂(င)တွင် အကြံပြုထားသည့်အတိုင်း အကြံပြုပါသည်၊

(စ) စာချုပ်(မူကြမ်း)တွင် စာချုပ်စတင် အကျိုးသက်ရောက်သည့်နေ့၊ စာချုပ်ကို ပြန်လည်ညှိနှိုင်းခြင်း၊ စာချုပ်ရပ်စဲခြင်းစသည့် ဥပဒေရေးရာ စာပိုဒ်များထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်၊

(ဆ) လိုအပ်သောနေရာများတွင် မင်နီဖြင့် ပြင်ဆင်ပေးလိုက်ပါသည်။

၄။ တံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၉ အရ တံဆိပ်ခေါင်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်မရရှိသေးလျှင် တံဆိပ်ခေါင်းအက်ဥပဒေအရ ကျသင့်သော တံဆိပ်ခေါင်းခွန်ကို မြေအငှားချထားခြင်းခံရသူက ထမ်းဆောင်ရမည်ဖြစ်ပါသည်၊

၅။ ဤစာချုပ်(မူကြမ်း)များကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ ဥပဒေကြောင်းအရသာ ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကိုဤရုံးအနေဖြင့်မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့်ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။

၆။ သူရိယစွမ်းအင်သိုလှောင်ရေးစီမံခန့်ခွဲမှုကုမ္ပဏီလီမိတက်(Thuriya Energy Depot Management Co.,Ltd) သည် ဥပဒေနှင့်အညီ တရားဝင်ဖွဲ့စည်းထားသည့် ကုမ္ပဏီဟုတ် မဟုတ်၊ စာချုပ်ပါလုပ်ငန်းကို လုပ်ကိုင်နိုင်စွမ်းနှင့် လုပ်ကိုင်နိုင်ခွင့် ရှိ မရှိ၊ ငွေကြေးအင်အားပြည့်စုံမှုရှိ မရှိ၊

စာချုပ်တွင် လက်မှတ်ရေးထိုးမည့်သူသည် တရားဝင်လွှဲအပ်ခြင်းခံရသူ ဟုတ် မဟုတ် စသည်တို့အတွက် သက်ဆိုင်ရာစာရွက်စာတမ်းများ တောင်းယူစိစစ်သင့်ပါသည်။

၇။ စာချုပ်(မူကြမ်း)များကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန်အတွက် ဤရုံးသို့ မိတ္တူ(၃)စောင်စီပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

:

၉.၁၁.၁၂

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(ခင်မောင်ဦး၊ ညွှန်ကြားရေးမှူး)

ဦးဆောင်ညွှန်ကြားရေးမှူး

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပို့ဆောင်ရေးဝန်ကြီးဌာန

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

နှင့်

သူရိယစွမ်းအင်သိုလှောင်ရေးစီမံခန့်ခွဲမှုကုမ္ပဏီလီမိတက်

(Thuriya Energy Depot Management Co., Ltd.)

တို့အကြား

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းနယ်မြေ၊

သီလဝါဆိပ်ကမ်းဒေသတွင်စက်သုံးဆီသိုလှောင်ကန်များနှင့်

အဆောက်အအုံပြုဆောက်အအုံများတည်ဆောက်ပြီး၊

ဝန်ဆောင်မှုလုပ်ငန်းကို B.O.T စနစ်ဖြင့်

လုပ်ငန်းဆောင်ရွက်ရန်အတွက် ချုပ်ဆိုသည့်

ပဋိညာဉ်စာချုပ် (မူကြမ်း)

နှင့်

မြေငှားစာချုပ် (မူကြမ်း)

၂၀၁၃ ခုနှစ်၊ ....လ (.....) ရက်

ပို့ဆောင်ရေးဝန်ကြီးဌာန

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

နှင့်

သူရိယစွမ်းအင်သိုလှောင်ရေးစီမံခန့်ခွဲမှုကုမ္ပဏီလီမိတက်

(Thuriya Energy Depot Management Co., Ltd.)

တို့အကြား

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းနယ်မြေ၊

သီလဝါဆိပ်ကမ်းဒေသတွင်

စက်သုံးဆီသိုလှောင်ကန်များနှင့် အထောက်အကူပြု

အဆောက်အအုံများ တည်ဆောက်ပြီး၊

ဝန်ဆောင်မှုလုပ်ငန်းကို B.O.T စနစ်ဖြင့်

လုပ်ငန်းဆောင်ရွက်ရန်အတွက် ချုပ်ဆိုသည့်

ပဋိညာဉ်စာချုပ် (မူကြမ်း)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းနယ်မြေ၊ သီလဝါဆိပ်ကမ်းဒေသတွင် စက်သုံးဆီသိုလှောင်ကန်များနှင့် အထောက်အကူပြုဆောက်အအုံများတည်ဆောက်ပြီး၊ B.O.T စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရန်နှင့် လွှဲပြောင်းရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် သူရိယစွမ်းအင် သိုလှောင်ရေးစီမံခန့်ခွဲမှု ကုမ္ပဏီလီမိတက် (Thuriya Energy Depot Management Co., Ltd) တို့ အကြား ချုပ်ဆိုသည့် ပဋိညာဉ်စာချုပ် (မူကြမ်း)

ဤပဋိညာဉ်စာချုပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့တွင် ..... ခုနှစ်၊ ....လ (.......) ရက်နေ့၌

ဦးချိုသန်းမောင်၊ ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စားပြုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ **မြန်မာ့ဆိပ်ကမ်းအာဏာပိုင်** (ဤမှနောင်တွင် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ဟု ရည်ညွှန်းခေါ်ဆိုမည်ဖြစ်ရာ၊ ယင်းစကားရပ်တွင် စာသားအရသော်လည်းကောင်း၊ အဓိပ္ပါယ်အရသော်လည်းကောင်း ရှေ့နောက် ဆန့်ကျင်ကွဲလွဲခြင်း မရှိပါက၊ ၎င်း၏ဆက်ခံသူများနှင့် ခွင့်ပြုလွှဲအပ်သူများ ပါဝင်သည်ဟု မှတ်ယူရမည်) က တစ်ဖက်

နှင့်

ဦးသူရိန်အောင်၊ မန်နေဂျင်းဒါရိုက်တာ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်၊ ၁၂/ကမရ (နိုင်) ဝ၅ဝ၈၃၉ ကိုယ်စားပြုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ ဖွဲ့စည်းထားသောကုမ္ပဏီဖြစ်သည့် **သူရိယစွမ်းအင်သိုလှောင်ရေးစီမံခန့်ခွဲမှုကုမ္ပဏီလီမိတက် (Thuriya Energy Depot Management Co., Ltd.)** (ဤမှနောင်တွင် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ဟု ရည်ညွှန်းခေါ်ဆိုမည်ဖြစ်ရာ၊ ယင်းစကားရပ်တွင် စာသားအရသော်လည်းကောင်း၊ အဓိပ္ပါယ်အရသော်လည်းကောင်း ရှေ့နောက် ဆန့်ကျင်ကွဲလွဲခြင်းမရှိပါက၊ ၎င်း၏ တရားဝင်ကိုယ်စားလှယ်များ၊ ဆက်ခံသူများနှင့် ခွင့်ပြုလွှဲအပ်သူများ ပါဝင်သည်ဟု မှတ်ယူရမည်) က အခြားတစ်ဖက်တို့ ချုပ်ဆိုကြပါသည်။

(ဃ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" က "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သို့ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းနယ်မြေ၊ သီလဝါဆိပ်ကမ်းဒေသ၊ ပူးတွဲ(၁) တွင် အနီရောင်ဖြင့်ဘောင်ခတ်ထားသော မြေကွက်အမှတ် ၁၇ ၊ ၁၈ (C) ဧရိယာ (၂၄. ၇၁) ဧကအကျယ်အဝန်းရှိ မြေနေရာတွင် (နောင်တွင် "ငှားရမ်းသည့်မြေ" ဟု ရည်ညွှန်း ခေါ်ဆိုမည်) ကို ဤစာချုပ် အပိုဒ်-၁၄ ပါ သတ်မှတ်ချက်နှင့်အညီ နှစ်ပေါင်း ၃၀ (သုံးဆယ်)နှစ်ခွင့်ပြုရန် သဘောတူညီသဖြင့် လည်းကောင်း၊

(င) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည် "ငှားရမ်းသည့်မြေ" ကို ဥပဒေအရတရားဝင် ပိုင်ဆိုင်ခွင့်ရှိကြောင်း ကိုယ်စားပြုအာမခံချက်ပေးသဖြင့် လည်းကောင်း၊

(စ) "ငှားရမ်းသည့်မြေ" တွင် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"အား စက်သုံးဆီသိုလှောင်ကန်များ၊ စက်သုံးဆီဖြန့်ဖြူးရေး အဆောက်အအုံများ၊ ရုံးများ၊ စက်ပစ္စည်းပြုပြင်ရေးနှင့် ထိန်းသိမ်းရေးရုံများနှင့် လုပ်ငန်းသဘာဝအရဆက်စပ်နေသည့် အခြားအသုံးအဆောင်များ (ဤမှနောင်တွင် "Thuriya Energy Depot Management Project" ဟုရည်ညွှန်းခေါ်ဆိုမည်)ကို "ငှားရမ်းသည့်မြေ"နေရာတွင် တည်ဆောက်ပြီးစက်သုံးဆီသိုလှောင်ဖြန့်ဖြူးခြင်း ဝန်ဆောင်မှုလုပ်ငန်းကို BOT စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုနိုင်ရေးအတွက် အငှားချထားရန် သဘောတူညီသဖြင့် လည်းကောင်း၊

ဤပဋိညာဉ်စာချုပ်ကို နှစ်ဦးနှစ်ဖက် အကြေအလည်ညှိနှိုင်းပြီး အောက်ပါအတိုင်း သဘောတူချုပ်ဆိုပါသည် -

အပိုဒ်-၁။ အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤပဋိညာဉ်စာချုပ်တွင်ပါရှိသော အောက်ဖော်ပြပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) "မြေငှားရမ်းခနှုန်းထားများ" ဆိုသည်မှာ ဤပဋိညာဉ်စာချုပ် အပိုဒ်-၅ နှင့် အပိုဒ်-၆ တို့တွင် ဖော်ပြထားသော မြေအသုံးချမှုပရီမီယံနှင့် လစဉ်မြေငှားခများကို ဆိုလိုသည်။

(ခ) "ဆိပ်ကမ်းသုံးစွဲခနှုန်းထားများ" ဆိုသည်မှာ ဤပဋိညာဉ်စာချုပ် အပိုဒ်-၁၂ (ဃ) တွင် ဖော်ပြထားသော နှုန်းထားများကိုဆိုလိုသည်။

အပိုဒ်-၂။ အာမခံခြင်းနှင့် ကိုယ်စားပြုခြင်း

၂။ တစ်ဦးတစ်ဖက်စီက အခြားတစ်ဦးတစ်ဖက်အား ၎င်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တရားဥပဒေများအရ ဖွဲ့စည်းထား၍ အခွင့်အာဏာ အပ်နှင်းခြင်းခံရသော တရားဝင်ရပ်တည်ခွင့်ရှိသူဖြစ်ပြီး၊ ၎င်းတွင် ဤပဋိညာဉ်စာချုပ်ကို ချုပ်ဆိုနိုင်ရန်အလို့ငှာ လုပ်ပိုင်ခွင့်အာဏာ၊ ခိုင်မာသော ဘဏ္ဍာရေးရပ်တည်မှုနှင့် အခွင့်အာဏာရှိသူဖြစ်ကြောင်း ကိုယ်စားပြု အာမခံချက်ပေးပါသည်။

အပိုဒ်-၃။ ဆောင်ရွက်ရမည့်လုပ်ငန်းပုံစံ

၃။ ဆောင်ရွက်ရမည့် လုပ်ငန်းပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" က "ငှားရမ်းသည့်မြေ" အား "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ထံသို့ ငှားရမ်းရန် နှစ်ဦးနှစ်ဖက်သဘောတူညီသည့် စည်းကမ်းချက်များ ပါရှိသော "မြေငှားစာချုပ်" ကို ချုပ်ဆိုရမည်။

(ခ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ ဝန်ထမ်းများဖြင့်ဖြစ်စေ၊ ကိုယ်စားတာဝန်လွှဲအပ်သူများဖြင့်ဖြစ်စေ၊ ပူးတွဲ(၂)တွင် ဖော်ပြထားသည့်အတိုင်း " Thuriya Energy Depot Management Project" ကို တည်ဆောက်အကောင်အထည်ဖော်ရမည်ဖြစ်ပြီး၊ ငှားရမ်းကာလအတွင်း ယင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကိုဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်း ပြုလုပ်ရမည်။

အပိုဒ်-၄။ ကြိုတင်စည်းကမ်းချက်များ

၄။ ဤပဋိညာဉ်စာချုပ်ကို ဆောင်ရွက်ရန်နှင့် အကောင်အထည်ဖော်ရန် အလို့ငှာ၊ စာချုပ်ချုပ်ဆိုသူနှစ်ဦးတို့သည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ သဘောတူခွင့်ပြုချက်နှင့်အညီ "ငှားရမ်းသည့်မြေ"ကို "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ထံ "မြေငှားစာချုပ်" ပါ စည်းကမ်းချက်များအရ အငှားချထားပေးရမည်၊

(ခ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည် "ငှားရမ်းသည့်မြေ" အား အပေါင်အနှံ၊ ရရန်ပိုင်ခွင့်နှင့် အခြားတောင်းဆိုပိုင်ခွင့်မှန်သမျှ လုံးဝမပါရှိစေဘဲ၊ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ထံ လက်ရောက်လွှဲပြောင်း ပေးရမည်။ အကယ်၍ "ငှားရမ်းသည့်မြေ" ပေါ်တွင် မြေငှားများ၊ လုပ်ငန်းခွင့်ပြုချက် ချထားခြင်းခံရသူများနှင့် နေထိုင်သူများရှိပါက ၎င်းတို့အား ဖယ်ရှားရမည့် လျော်ကြေးနှင့် ပြန်လည်နေရာချထားပေးခြင်း ကုန်ကျစရိတ်များကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" က ကျခံရမည်၊

(ဂ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" က "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"အား ပူးတွဲ(၂)တွင် ဖော်ပြထားသည့်အတိုင်း စက်သုံးဆီသိုလှောင် ကန်များနှင့် အထောက်အကူပြု အဆောက်အအုံများအားလုံးကို အကောင်အထည်ဖော် တည်ဆောက်ရန် ခွင့်ပြုရမည်။

အပိုဒ်-၅။ ပေးချေရမည့် မြေအသုံးချမှု ပရီမီယံကြေး

၅။ "Thuriya Energy Depot Management Project" ကို အကောင်အထည်ဖော် တည်ဆောက်ကာ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းအတွက် "ငှားရမ်းသည့်မြေ" နှင့်ပတ်သက်၍ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" က "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံ အောက်ပါအတိုင်း မြေအသုံးချမှုပရီမီယံကြေးကို ပေးချေရမည် -

(က) "ငှားရမ်းသည့်မြေ" ကို မြေငှားစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အငှားချထားမှုအတွက် မြေအသုံးချမှုပရီမီယံကြေးအဖြစ် မြေတစ်ဧကလျှင် ငွေကျပ် (၁၅၀)သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၇၀,၆၅၀,၀၀၀/- (ငွေကျပ် သုံးရာခုနှစ်ဆယ်သန်း ခြောက်သိန်း ငါးသောင်းတိတိ)ကို "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" က "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံ အောက်ပါအတိုင်း ပေးသွင်းရမည် -

(၁) စာချုပ်လက်မှတ်ရေးထိုးပြီး ၁(တစ်)လအတွင်း ကျပ် ၁၈၅,၃၂၅,၀၀၀/- (ကျပ် တစ်ရာရှစ်ဆယ်ငါးသန်း သုံးသိန်းနှစ်သောင်းငါးထောင် တိတိ) ကို ပထမအရစ်အဖြစ် ပေးသွင်းရန်၊

(၂) စာချုပ်လက်မှတ်ရေးထိုးပြီး ၁၂ (တစ်ဆယ့်နှစ်) လ အတွင်း ကျပ် ၁၈၅,၃၂၅,၀၀၀/-(ကျပ် တစ်ရာရှစ်ဆယ်ငါးသန်း သုံးသိန်း နှစ်သောင်း ငါးထောင်တိတိ) ကို ဒုတိယရစ်အဖြစ် ပေးသွင်းရန်၊

အပိုဒ်-၆။ ပေးချေရမည့် မြေငှားရမ်းခနှုန်းထားများ

၆။ "Thuriya Energy Depot Management Project" ကို အကောင်အထည်ဖော် တည်ဆောက်ရန်အတွက် "ငှားရမ်းသည့်မြေ" နှင့်ပတ်သက်၍ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" က "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"ထံ အောက်ပါအတိုင်း မြေငှားရမ်းခနှုန်းထားများကို ပေးချေရမည်-

(က) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် " Thuriya Energy Depot Management Project" ကို တည်ဆောက်ပြီးသည်နှင့် လုပ်ငန်းများ လုပ်ကိုင်ခွင့်အတွက် အောက်တွင်ဖော်ပြထားသော နှုန်းထားများအတိုင်း လစဉ် မြေငှားရမ်းခအဖြစ် ငွေကျပ် ၁၃,၃၅၆,၇၅၇/- (ကျပ် တစ်ဆယ်သုံးသန်း သုံးသိန်း ငါးသောင်းခြောက် ထောင်ခုနှစ်ရာ ငါးဆယ့်ခုနှစ်တိတိ) ကို အင်္ဂလိပ်လဆန်း ၇ (ခုနှစ်) ရက်မတိုင်မီ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သို့ ပေးသွင်းရမည်။ ပထမလအတွက် မြေငှားရမ်းခ စတင်ပေးဆောင်ရမည့် အစီအစဉ်ကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းသတ်မှတ်ရမည်။ ပေးဆောင်ရမည့် မြေငှားရမ်းခကို ဆိပ်ကမ်းလုပ်ငန်းများ စတင်ဆောင်ရွက်သည့် နေ့ (သို့မဟုတ်) ကုမ္ပဏီမှ ၁၂-၆-၂၀၁၁ နေ့ အစည်းအဝေးတွင် တင်ပြထား သော စက်သုံးဆီများ တင်/ချ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများ စတင် ဆောင်ရွက်ရန် လျာထားသည့်နေ့၏ နောက်တစ်နေ့ (၁-၁-၂၀၁၃) နေ့ ထိုနေ့ နှစ်ရပ်အနက် စောရာကာလမှ စတင်ပေးချေရမည် -

ကျောထောက်နောက်ခံမြေနေရာအတွက်မြေငှား =ကျပ် ၁၃,၃၅၆,၇၅၇/- ရမ်းခ (၂၄. ၇၁ ဧက x ၅၄၀,၅၄၀. ၅၄/-)

အပိုဒ်-၇။ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ၏ တာဝန်များ

၇။ “လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ” ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) “လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ” သည် ဤပဋိညာဉ်စာချုပ် အလို့ငှာ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများထံမှ လိုအပ်သောခွင့်ပြုချက်များရရှိစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရမည်။

(ခ) “လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ” သည် “လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ” အား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဌာန်းချက်များနှင့်အညီ ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များရရှိစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရမည်။

(ဂ) “လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ” သည် ဤပဋိညာဉ်စာချုပ် ပူးတွဲ(၂)တွင် ဖော်ပြထားသည့် လုပ်ငန်းများကို “လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ”မှ “ငှားရမ်းသည့်မြေ”ပေါ်တွင် ငြိမ်သက်စွာနှင့် အေးငြိမ်းစွာ ဝင်ရောက်၍ လုပ်ငန်းဆောင်ရွက် စီမံခန့်ခွဲနိုင်ခွင့်ပြုရမည်။

အပိုဒ်-၈။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ တာဝန်များ

၈။ “လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ” ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) “လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ” သည် ဤပဋိညာဉ်စာချုပ် အပိုဒ်(၅)နှင့် အပိုဒ်(၆)ပါ သတ်မှတ်ချက်အတိုင်း မြေအသုံးချမှုပရီမီယံကြေးနှင့် လစဉ်မြေငှားရမ်းခများကို “လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ” ထံ ပေးသွင်းရမည်။

(ခ) “လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ” သည် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ဆိပ်ခံတံတားနှင့် အထောက်အကူပြုအဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းကို ၅၀ % ကျော်ပြီးစီးရမည်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ဆောက်လုပ်ခြင်းလုပ်ငန်းအားလုံး ပြီးစီးရမည်ဖြစ်ပြီး၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ (၁) ရက်နေ့မှစ၍ လုပ်ငန်းများ စတင်ဆောင်ရွက်ရမည်။

(ဂ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပူးတွဲ(၂) ပါ လုပ်ငန်းစီမံကိန်း ဖော်ပြချက်များအရ၊ သတ်မှတ်ထားသော စံနှုန်းများနှင့်အညီ "Thuriya Energy Depot Management Project" ကို သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

အပိုဒ်-၉။ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်

၉။ "Thuriya Energy Depot Management Project" အတွက် တည်ဆောက်ရေးလုပ်ငန်းများ၏ ခန့်မှန်းကုန်ကျစရိတ်မှာ ပူးတွဲ(၃)ဖြင့် ဖော်ပြထားသည့်အတိုင်း ရင်းနှီးမြှုပ်နှံလျှက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏမှာ ပြည်တွင်းသုံးငွေ ကျပ် ၁၂,၁၇၁,၇၅၃,၀၀၀/-(ကျပ်တစ်သောင်း နှစ်ထောင်တစ်ရာ ခုနှစ်ဆယ်တစ်သန်း ခုနှစ်သိန်းငါးသောင်း သုံးထောင် တိတိ)နှင့် နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာ ၆,၅၁၃,၀၀၀ (အမေရိကန်ဒေါ်လာ ခြောက်သန်း ငါးသိန်းတစ်သောင်းသုံးထောင် တိတိ) နှစ်ရပ်ပေါင်း ဖြစ်သည်။

အပိုဒ်-၁၀။ တည်ဆောက်ရေးကာလ

၁၀။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် "Thuriya Energy Depot Management Project" ကို အောက်ပါလုပ်ငန်း စီမံကိန်းအဆင့်အလိုက် တည်ဆောက်သွားရန် ဖြစ်သည် -

(က) "Thuriya Energy Depot Management Project" ပါ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် အပြီးဆောင်ရွက်ရမည်။

(ခ) "Thuriya Energy Depot Management Project" ပါ တည်ဆောက်ရေး လုပ်ငန်းများကို မမျှော်မှန်းထားခဲ့သည့် အကြောင်းတစ်စုံတစ်ရာကြောင့် သတ်မှတ်ကာလအတွင်း တည်ဆောက်မှုလုပ်ငန်းများ မပြီးပြတ်ပါက တည်ဆောက်ရေးကာလ သက်တမ်းတိုးမြှင့်မှုကို နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ဖြင့် သက်တမ်းတိုးမြှင့်၍ ဆောင်ရွက်ရမည်။

အပိုဒ်-၁၁။ လုပ်ငန်းအကောင်အထည်ဖော်ရန် တာဝန်ယူသည့် ဘဏ်အာမခံ

၁၁။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ဤပဋိညာဉ်စာချုပ် ချုပ်ဆိုပြီးနောက် ရက်ပေါင်း ၄၅ (လေးဆယ့်ငါး)ရက်အတွင်း ပူးတွဲ(၄)နှင့် ပူးတွဲ(၅)တွင် သတ်မှတ်ထားသောပုံစံများဖြင့် ကြိုတင်

စည်းကမ်းချက်များမရှိသည့် ပြန်လည်ရုတ်သိမ်းနိုင်ခွင့်မရှိသော လုပ်ငန်းအကောင်အထည်ဖော်ရန် တာဝန်ယူသည့် ဘဏ်အာမခံဖြစ်သော ဤပဋိညာဉ်စာချုပ်၏ အပိုဒ်(၉)တွင် ဖော်ပြထားသည့် ခန့်မှန်းရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်၏ ၁ (တစ်)ရာခိုင်နှုန်း(နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေနှစ်ရပ်လုံးအတွက် သက်ဆိုင်သည့် အချိုးကျနှုန်း) နှင့်ညီမျှသော ငွေပမာဏကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" အမည်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တရားဝင်ခွင့်ပြုထားသော အစိုးရဘဏ်တစ်ခုခုတွင် ထားရှိရမည်ဖြစ်ပြီး အဆိုပါဘဏ်အာမခံကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"ထံသို့ ထုတ်ပေးရမည်။ အဆိုပါ ဘဏ်အာမခံ၏သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှ ၂ (နှစ်)နှစ်အထိ တည်ရှိစေရမည်။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် စာချုပ်လက်မှတ်ရေးထိုးပြီး အပိုဒ်(၁၀)ပါသတ်မှတ်တည်ဆောက်ရေးကာလအတွင်း "Thuriya Energy Depot Management Project" လုပ်ငန်းပါ အဆောက်အအုံများကို အပြီးဆောက်လုပ်ရန် အပါအဝင် စာချုပ်စည်းကမ်းများကို လိုက်နာရန်ပျက်ကွက်ပါက ဘဏ်အာမခံငွေကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" က သိမ်းယူရမည်။ *(ရင်းနှီးမြှုပ်နှံမှု နိုင်ငံခြားငွေအတွက် ပူးတွဲ (၄) တွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုမြန်မာငွေအတွက် ပူးတွဲ(၅) တွင်လည်းကောင်း သတ်မှတ်ထားသော ပုံစံများအတိုင်း ပေးသွင်းရန် ဖြစ်ပါသည်။)*

အပိုဒ်-၁၂။ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် စီမံအုပ်ချုပ်ခြင်း

၁၂။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် လုပ်ငန်းဆောင်ရွက်ခြင်းနှင့် စီမံအုပ်ချုပ်ခြင်းအလို့ငှာ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) "Thuriya Energy Depot Management Project" ပါ တည်ဆောက်ရေးလုပ်ငန်းများကို ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုးသည့်နေ့မှ အပိုဒ် (၁၀) ပါ သတ်မှတ်ကာလအတွင်း အပြီးတည်ဆောက်၍လုပ်ငန်းဆောင်ရွက်ရမည်။

(ခ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် လုပ်ငန်းနှင့်ပတ်သက်သော စာရင်းစာအုပ်များကို စနစ်တကျပြုစုပြီး၊ ၎င်းတို့ကို ရန်ကုန်မြို့တွင်ရှိ ကုမ္ပဏီရုံးတွင်ဖြစ်စေ၊ ၎င်း၏ စာရင်းကိုင်ရုံးတွင်ဖြစ်စေ၊ စနစ်တကျထိန်းသိမ်းထားရှိရမည်။ ဖော်ပြပါစာရင်းများကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" က အခါအားလျော်စွာ စစ်ဆေးခွင့်ရှိစေရ

မည်။ စာရင်းများကို စစ်ဆေးမှုမပြုမီ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ထံ ကြိုတင်အကြောင်းကြားမှု ပြုလုပ်ရမည်။

(ဂ) အထက်တွင်ဖော်ပြချက်များ၏ ယေဘူယျသဘောကို မထိခိုက်စေဘဲ၊ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၎င်း၏ စာရင်းစစ်များ၊ သို့မဟုတ် ဝန်ထမ်းများနှင့် ကိုယ်စားလှယ်များအနေဖြင့်ရရှိခဲ့သော သတင်းအချက်အလက်များကို အတွင်းရေးအဆင့်ထားရှိပြီး ထိန်းသိမ်းထားရမည်။ ၎င်းသတင်းအချက်အလက်များကို "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"၏ ခွင့်ပြုချက်သို့မဟုတ် ဥပဒေအရလိုအပ်ချက်ကြောင့်မှလွဲ၍ အခြားသူများသို့ ဖြန့်ဝေခြင်းမပြုရ။

(ဃ) ဤပဋိညာဉ်စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသူများအနေဖြင့် ဆိပ်ကမ်းအခွန်အခများကို ၁၉၉၈ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အခွန်အခနှုန်းထားဇယားတွင်ပြဋ္ဌာန်းထားသည့် လက်ရှိနှုန်းထားအတိုင်း ကောက်ခံရန် သဘောတူညီကြသည်။ ဆိပ်ကမ်းအခွန်အခအားလုံးကိုလိုအပ်ချိန်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပြင်ဆင်သတ်မှတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။ ဆိပ်ကမ်းအခွန်အခနှုန်းထားကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကသာ အမြဲတမ်း ထိန်းချုပ်သတ်မှတ်မည်။

အပိုဒ်-၁၃။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု

၁၃။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် အောက်ပါတို့ကို တာဝန်ယူဆောင်ရွက်ရမည် -

(က) လုပ်ငန်းစီမံကိန်းနယ်မြေနှင့် ၎င်းနယ်မြေတစ်ဝိုက်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊

(ခ) လေထု၊ ရေထုနှင့် မြေထုများ၊ ညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေ ယုတ်လျော့မှုမရှိအောင် ထိန်းသိမ်းရေး၊

(ဂ) လုပ်ငန်းစီမံကိန်းနေရာအား သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင်ထိန်းသိမ်းနိုင်ရန်၊ ရေဆိုးနှင့် စွန့်ပယ်ပစ္စည်းများ ထိန်းသိမ်းသည့်

စက်ကရိယာများတပ်ဆင်မှုအပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် လိုအပ်သော အစီအမံများကို ချမှတ်ဆောင်ရွက်ရမည်။

အပိုဒ်-၁၄။ ပဋိညာဉ်စာချုပ်သက်တမ်းနှင့် စတင်အကျိုးသက်ရောက်သည့်နေ့

၁၄။ ဤပဋိညာဉ်စာချုပ်သည် ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုးသည့်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။ ဤပဋိညာဉ်စာချုပ်၏ အပိုဒ်(၁၀)ပါ တည်ဆောက်ရေးကာလစေ့ရောက်သည့်နေ့ (သို့မဟုတ်) တရားဝင်ဖွင့်လှစ်ခြင်း (Grand Opening) ပြုလုပ်သည့်နေ့၊ ထိုနေ့နှစ်ရပ်အနက် စောရာကာလမှ ပဋိညာဉ်စာချုပ်သက်တမ်းကို စတင်ရေတွက်ရမည်ဖြစ်ပြီး၊ ပဋိညာဉ်စာချုပ်သက်တမ်းကာလမှာ နှစ်ပေါင်း ၃၀(သုံးဆယ်) နှစ် ခွင့်ပြုရန် သဘောတူသည်။

အပိုဒ်-၁၅။ ပဋိညာဉ်စာချုပ်ကို ရပ်စဲခြင်း

၁၅။ ဤပဋိညာဉ်စာချုပ်ကို အောက်ပါအကြောင်း တစ်ရပ်ရပ်ပေါ်ပေါက်ပါက ရပ်စဲနိုင်သည်-

(က) လုပ်ငန်းကြီးမားစွာ ဆက်တိုက် အရှုံးပေါ်ပေါက်နေခြင်း၊

(ခ) ပဋိညာဉ်စာချုပ်ဝင် တစ်ဖက်ဖက်မှ စာချုပ်ပါတာဝန်များ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဂ) ကြိုတင်၍မမျှော်မှန်းနိုင်သည့်အပြင် တားဆီးခြင်းလည်းမပြုနိုင်သော မလွန်ဆန်နိုင်သည့်ဖြစ်ရပ်များသည် တစ်ဆက်တည်း (၆)လထက် ကျော်လွန်ဖြစ်ပွားခြင်း၊

(ဃ) လုပ်ငန်း၏ မူလရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်စွမ်းမရှိတော့ခြင်း၊

(င) မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြ၍ နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ပဋိညာဉ်စာချုပ်ကို ရပ်စဲခြင်း၊

အပိုဒ်-၁၆။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

၁၆။ (က) မလွန်ဆန်နိုင်သောဖြစ်ရပ်ဆိုသည်မှာ သဘာဝအလျောက်ကြုံတွေ့သည့်ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေးစသည်များအပြင်၊ နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှု ပျက်ပြယ်

ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်းစသည်တို့နှင့် စာချုပ်ဝင်တစ်ဖက်ဖက်က လိုအပ်သော သတိဝိရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန်မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပြီး၊ ယင်းမလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် ငှားရမ်းသုံးစွဲမှုကို ထိခိုက်ဆုံးရှုံးစေလျှင် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သို့ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံခွင့်မရှိစေရ။

(ခ) ထိုသို့မလွန်ဆန်နိုင်သောဖြစ်ရပ်ပေါ်ပေါက်ပါက ယင်းဖြစ်ရပ်ဖြစ်ပေါ်သည့်အချိန်မှ(၁၄)ရက်အတွင် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သို့ ချက်ချင်းစာဖြင့် ရေးသားအကြောင်းကြားရမည်။ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" က လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သော ဖြစ်ရပ်မြောက်ပြီး ဤသဘောတူစာချုပ်အရ ဆောင်ရွက်ရမည့်တာဝန်များ ပျက်ကွက်ခြင်း၊ နှောင့်နှေးကြန့်ကြာခြင်းသည် မလွန်ဆန်နိုင်သော ဖြစ်ရပ်ကြောင့်ဖြစ်ပါက ကင်းလွတ်ခွင့်ပြုရမည်။

အပိုဒ်-၁၇။ အငြင်းပွားမှုဖြေရှင်းခြင်း

၁၇။ ဤသဘောတူစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက နှစ်ဦးနှစ်ဖက်ပြေလည်စွာညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ဖြေရှင်း၍မရပါက ဥပဒေနှင့်အညီ သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသော တရားရုံး၏ဆုံးဖြတ်ချက်ကို ခံယူရမည်။

အပိုဒ်-၁၈။ ပြင်ဆင်ခြင်း

၁၈။ ဤပဋိညာဉ်စာချုပ်တွင် မျှော်မှန်းမထားသော အခြေအနေများ ပေါ်ပေါက်လာခြင်းကြောင့် ပဋိညာဉ်စာချုပ်ကို ပြင်ဆင်ရန်လိုအပ်ပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြ၍ သဘောတူညီချက်ရယူပြီးနောက် ပဋိညာဉ်စာချုပ်ဝင်များသည် စာဖြင့်ရေးသား၍ ပြင်ဆင်ရမည်။ ထိုသို့ ပြင်ဆင်ချက်များကို ဤပဋိညာဉ်စာချုပ်၏ အစိတ်အပိုင်းအဖြစ် ပါဝင်သည်ဟု မှတ်ယူရမည်။

အပိုဒ်-၁၉။ စာချုပ်ညှိနှိုင်းဆွေးနွေးခြင်း

၁၉။ ဤပဋိညာဉ်စာချုပ်တွင် မူလကမမျှော်မှန်းထားသောအခြေအနေတစ်ရပ်ရပ် (သို့မဟုတ်) အနေအထား တစ်ရပ်ရပ်ဖြစ်ပေါ်လာပါ၍ ပဋိညာဉ်စာချုပ်ကို ပြင်ဆင်ရန် (သို့မဟုတ်) ပြောင်းလဲရန် ပေါ်ပေါက်လာသည့်အခါ နှစ်ဖက်စာချုပ်ဝင်တို့သည် သင့်လျော်သည့်ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းနှင့် ဖြည့်စွက်ခြင်းများ ဆောင်ရွက်နိုင်ရန် သဘောရိုးဖြင့် ညှိနှိုင်းဆွေးနွေးရမည်။

အပိုဒ်-၂၀။ ပဋိညာဉ်စာချုပ်သက်တမ်းတိုးမြှင့်ခြင်း

၂၀။ ဤပဋိညာဉ်စာချုပ် သက်တမ်းတိုးမြှင့်လိုပါက ပဋိညာဉ်စာချုပ်သက်တမ်း မကုန်ဆုံးမီ ၆ (ခြောက်) လအတွင်း နှစ်ဖက်ညှိနှိုင်း သဘောတူညီမည့် သက်တမ်းတိုးမြှင့်ပေးရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ နှုန်းထားများနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ဖြင့်သာ ပဋိညာဉ်စာချုပ် သက်တမ်းတိုးရန်ဖြစ်သည်။

အပိုဒ်-၂၁။ ခွင့်ပြုလွှဲအပ်ခြင်း

၂၁။ ဤပဋိညာဉ်စာချုပ်ပါ အခွင့်အရေးများနှင့် လုပ်ငန်းတာဝန်များကို ပဋိညာဉ်စာချုပ်ဝင်များက အခြားသူများသို့ ခွင့်ပြုလွှဲအပ်လိုပါက နှစ်ဦးနှစ်ဖက်လုံးက သဘောတူညီမှသာ ခွင့်ပြုလွှဲအပ်မှု စာချုပ်စာတမ်းပြုလုပ်၍ ခွင့်ပြုလွှဲအပ်နိုင်ခွင့်ရှိသည်။

အပိုဒ်-၂၂။ အာမခံထားရှိခြင်း

၂၂။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ မြန်မာ့အာမခံဥပဒေနှင့် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းစီမံကိန်းအတွက် လိုအပ်သော အာမခံများ ထားရှိဆောင်ရွက်ရမည်။

အပိုဒ်-၂၃။ အထွေထွေကိစ္စရပ်များ

၂၃။ (က) **တရားမဝင်ခြင်း။** ဤပဋိညာဉ်စာချုပ်ပါ ပြဋ္ဌာန်းချက် တစ်စုံတစ်ရာသည် တရားမဝင်ကြောင်း (သို့မဟုတ်) ဥပဒေအရ အရေးယူဆောင်ရွက်နိုင်မှု မရှိကြောင်း မည်သို့ပင်ပေါ်ပေါက်စေကာမူ ဤပဋိညာဉ်စာချုပ်ပါ ကျန်ပြဋ္ဌာန်းချက်

များသည် ဥပဒေနှင့်အညီ ဆက်လက်၍ အပြည့်အဝအကျိုးသက်ရောက်မှု ရှိစေရမည်။

(ခ) **ဖောက်ဖျက်မှုကိုခွင့်လွှတ်ခြင်း။** ဤပဋိညာဉ်စာချုပ်ပါ ပြဋ္ဌာန်းချက် တစ်စုံတစ်ရာအား ဖောက်ဖျက်မှုကိုခွင့်လွှတ်ခြင်းသည် ထိုပြဋ္ဌာန်းချက်ကို (သို့မဟုတ်) ပဋိညာဉ်စာချုပ်၏ အခြားပြဋ္ဌာန်းချက် တစ်စုံတစ်ရာကို ဆက်လက် ချိုးဖောက်နေခြင်းအတွက် ခွင့်လွှတ်ရာ မရောက်စေရ။

ဤပဋိညာဉ်စာချုပ်တွင်ဖော်ပြပါရှိသောအခွင့်အရေး၊ အခွင့်အာဏာ(သို့မဟုတ်) အကျိုးခံစားခွင့် တစ်စုံတစ်ရာကို စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသူများက ရယူဆောင်ရွက်ရန်ပျက်ကွက်ခြင်း (သို့မဟုတ်) နှောင့်နှေးခြင်းသည် ထိုအခွင့်အရေး၊ အခွင့်အာဏာ(သို့မဟုတ်)အကျိုးခံစားခွင့်ကိုစွန့်လွှတ်ရာမရောက်စေရ။ ထို့အပြင် ထိုအခွင့်ရေး၊ အခွင့်အာဏာ(သို့မဟုတ်)အကျိုးခံစားခွင့် တစ်ခုတည်းကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ရယူဆောင်ရွက်ခြင်းသည် အခြားအခွင့်အရေး၊ အခွင့်အာဏာ (သို့မဟုတ်) အကျိုးခံစားခွင့်ကို ရယူရန် ဟန့်တားရာမရောက်စေရ။

(ဂ) **ပစ္စည်းများလွှဲပြောင်းပေးခြင်း။** ဤပဋိညာဉ်စာချုပ် သက်တမ်းကုန်ဆုံးချိန် (သို့မဟုတ်) ရပ်စဲချိန်တွင် တပ်ဆင်ထားသော စက်ကိရိယာများ အပါအဝင် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" က ဆောက်လုပ်ထားသည့် အဆောက်အဦများကို ကောင်းမွန်စွာ ထိန်းသိမ်းထားသော အနေအထားအတိုင်း အဖိုးစားနားမပါဘဲ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ပိုင်ပစ္စည်းအဖြစ် လွှဲပြောင်းပေးရမည်။ အကယ်၍ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" မှ ၎င်းအဆောက်အဦများကို အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း လက်ခံရန်ဆန္ဒမရှိလျှင် ထိုသို့လက်ခံနိုင်ခြင်းမရှိကြောင်း ညွှန်ကြားသည့် အဆောက်အဦများကို "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ ကုန်ကျစရိတ်ကျခံ၍ လုံးဝဖယ်ရှားပေးရမည်။

(ဃ) **အရေးကြီးသောပစ္စည်းများတွေ့ရှိမှု။** "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ငှားရမ်းမြေပေါ်တွင် တူးဖော်ခြင်း (သို့မဟုတ်) ဖောက်ခွဲခြင်း လုပ်ငန်းပြုလုပ်စဉ် အရေးကြီးသော မည်သည့်တွေ့ရှိမှုကိုမဆို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံ ချက်ချင်းအကြောင်းကြားရမည်။ အရေးကြီးသောပစ္စည်းများတွေ့ရှိမှုဆိုရာတွင် မြေတူးစဉ်နှင့် ဖောက်ခွဲမှုပြုလုပ်စဉ်တွေ့ရှိရသော အနုပညာ၊ ရှေးဟောင်းပစ္စည်းများ၊ သဘာဝသမိုင်း၊ ဒင်္ဂါးများနှင့် သိပ္ပံဆိုင်ရာအရေးပါသော အရာဝတ္ထုများ၊ ရှားပါးပြီး တန်ဖိုးရှိသောပစ္စည်းများနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ ပါဝင်ပြီး အဆိုပါပစ္စည်းများသည် နိုင်ငံပိုင်ပစ္စည်းများဖြစ်သည်။

"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"သည် အဆိုပါပစ္စည်းများကိုသက်ဆိုင်ရာအစိုးရအဖွဲ့ အစည်းသို့တင်ပြ၍ အတည်ပြုချက်ရယူပြီး မည်သည့်အချိန်တွင်မဆို လွတ်လပ်စွာတူးဖော်ရယူခွင့် ရှိစေရမည်။

(င) **တစ်စိတ်တစ်ဒေသအဖြစ်မှတ်ယူခြင်း။** ဤပဋိညာဉ် စာချုပ်တွင် ပါဝင် လက်မှတ်ရေးထိုးသူများအကြား ချုပ်ဆိုသည့် မြေငှားစာချုပ်အပါအဝင် နောက်ဆက်တွဲများအားလုံးကို ဤပဋိညာဉ်စာချုပ်၏ တစ်စိတ်တစ်ဒေသအဖြစ် မှတ်ယူရမည်။

(စ) **အကြောင်းကြားစာများ။** ဤပဋိညာဉ်စာချုပ်တွင် အခြားနည်းပြဋ္ဌာန်းထားချက်များမှတစ်ပါး ဤပဋိညာဉ်စာချုပ်အရလိုအပ်သော (သို့မဟုတ်) ခွင့်ပြုထားသော အကြောင်းကြားစာတောင်းခံချက် (သို့မဟုတ်)အခြားဆက်သွယ်မှုအားလုံးကို စာဖြင့်ရေးပြီး၊ လက်ခံရမည့်သူ၏ လိပ်စာတပ်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော်လည်းကောင်း၊ ဖက်(စ်)ဖြင့်သော်လည်းကောင်း ပေးပို့ရမည်။ ဖော်ပြပါအကြောင်းကြားစာ၊ တောင်းခံချက် (သို့မဟုတ်) အခြားဆက်သွယ်မှု (ဤမှ နောင်တွင် "အကြောင်းကြားစာ" ဟု ရည်ညွှန်းမည်) တစ်စုံတစ်ရာကို အောက်ပါအတိုင်း ဆောင်ရွက်ပြီးဖြစ်က လက်ခံမည့်သူထံ တရားဝင်ပေးပို့ပြီး ဖြစ်သည်ဟု မှတ်ယူရမည် -

(ဂ) ဖက်(စ်)ဖြင့် အကြောင်းကြားစာပေးပို့ပြီးဖြစ်ပါက၊ ဖက်(စ်)နံပါတ်၊ စာမျက်နှာအရေအတွက်နှင့် ပေးပို့ပြီးဖြစ်ကြောင်း အတည်ပြု ဖော်ပြထားသည့် သတင်းပေးပို့ချက်မှတ်တမ်းကို ပေးပို့သူက လက်ခံရရှိလျှင် အဆိုပါ အကြောင်းကြားစာကို တရားဝင်ပေးပို့ပြီးဟု မှတ်ယူရမည်။

(ဃ) အကယ်၍အကြောင်းကြားစာကို လက်ခံမည့်သူ၏လိပ်စာတပ်၍ တံဆိပ်ခေါင်းကပ်ပြီး စာတိုက်မှပေးပို့ခြင်းဖြစ်ပါက စာတိုက်မှပေးပို့ပြီးဖြစ်ကြောင်း သက်သေပြနိုင်ပြီး ထိုသို့ပေးပို့သည့်နေ့မှ ၁၄ (တစ်ဆယ့်လေး) ရက် မြောက်နေ့တွင် စာအိတ်ပေါ်၌ ရေးသားထားသည့် လိပ်စာရှင်ထံသို့ တရားဝင်ပေးပို့ပြီးဖြစ်ကြောင်း မှတ်ယူရမည်။

အပိုဒ်-၂၃။ ဆက်သွယ်ရန် လိပ်စာများ

၂၃။ ဤပဋိညာဉ်စာချုပ်ဝင်များအကြား စာဖြင့်ရေးသားဆက်သွယ်ရန် လိပ်စာမှာ အောက်ပါအတိုင်းဖြစ်သည် -

ဦးဆောင်ညွှန်ကြားရေးမှူး

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အမှတ် (၁၀) ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့

ဖက်(စ်)အမှတ် - ၂၄၆၇၈၁၊ ၃၉၁၃၅၅

နှင့်

မန်နေဂျင်းဒါရိုက်တာ

သူရိယစွမ်းအင် သိုလှောင်ရေးစီမံခန့်ခွဲမှု ကုမ္ပဏီလီမိတက်

(Thuriya Energy Depot Management Co., Ltd)

အမှတ်၊ ၂၆၂-၂၆၄၊ ပြည်လမ်း၊ ဒဂုံစင်တာ၊ Block (A) 05-03

စမ်းချောင်းမြို့နယ်၊

ရန်ကုန်မြို့

ဖက်(စ်)အမှတ် - ၅၁၆၆၁၆၊ ၅၀၄၅၂၈

သက်သေထင်ရှားစိမ့်သောငှာ၊ စာချုပ်ချုပ်ဆိုရာတွင် ပါဝင်သူများသည် အထက်ဖော်ပြပါနေ့ရက်၊ လ၊ ခုနှစ်တွင် အောက်ပါအသိသက်သေများရှေ့မှောက်၌ ဤပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးကြပါသည် -

(လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ)
ကိုယ်စားလက်မှတ်ရေးထိုးသူ

အမည် - ဦးချိုသန်းမောင်
ရာထူး - ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

(လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ)
ကိုယ်စားလက်မှတ်ရေးထိုးသူ

အမည် - ဦးသူရိန်အောင်
ရာထူး - မန်နေဂျင်းဒါရိုက်တာ
သူရိယစွမ်းအင်သိုလှောင်ရေး
စီမံခန့်ခွဲမှု ကုမ္ပဏီလီမိတက်

အသိသက်သေများ


(၁)

အမည် -
ရာထူး -
ဌာန -

(၂)

အမည် -
ရာထူး -
ဌာန -

သီလဝါဆိပ်ကမ်း ဖွံ့ဖြိုးရေးစီမံကိန်း တည်နေရာပြပုံ



လုပ်ငန်းစီမံကိန်းဖော်ပြချက်

လုပ်ငန်းစီမံကိန်း

၁။ အဆောက်အဦများ

(က) ရုံးအဆောက်အဦ

- Office (4300 Sqft)	လုံး	၁
- Staff Quarter (2160 Sqft)	လုံး	၃
- Store (5000 sqft)	လုံး	၁
- Workshop (5000sqft)	လုံး	၁
- Gate House (100 sqft)	လုံး	၂
- Loading Platform (12600 sqft)	ခု	၁
- Fencing (600sqft)	လုံး	၁
- Weight Bridge	ခု	၁
- Transformer House (800 sqft)	လုံး	၁
- Control Room & Lab (1584 sqft)	လုံး	၁

(ခ) စက်သုံးဆီသိုလှောင်ကန်များ

- 4000 Ton Tank	(၄)	လုံး
- 6000 Ton Tank	(၃)	လုံး
- 10000 Ton Tank	(၃)	လုံး

၂။ စက်ပစ္စည်းများစာရင်း

အောက်ဖော်ပြပါစက်ပစ္စည်းများကို အနည်းဆုံးလိုအပ်ချက်အဖြစ် ထားရှိပါမည် -

(က)	Generator 500 kVA	(၁)	လုံး
(ခ)	Centrifugal Oil Pump 200 GY 40	(၄)	လုံး
(ဂ)	Centrifugal Oil Pump 100 GY 25 A	(၆)	လုံး
(ဃ)	Pump Accessories		
(င)	Pipe Line and Accessories		

၃။ လုပ်ငန်းသုံးယန္တရားနှင့်ယာဉ်များစာရင်း

(က) Bowser Truck

၁။	Tank Truck 3 ton	(၂)	စီး
၂။	Tank Truck 6 ton	(၂)	စီး
၃။	Tank Truck 12 ton	(၅)	စီး
၄။	Tank Truck 20 ton	(၅)	စီး
၅။	Tank Truck 40 ton	(၅)	စီး

စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုခန့်မှန်း ကုန်ကျစရိတ်

စဉ်	အမျိုးအမည်	ကျပ် (ထောင်ပေါင်း)	အမေရိကန်ဒေါ်လာ (ထောင်ပေါင်း)
၁	အကြိုအင်ဂျင်နီယာလုပ်ငန်း	၁,၈၈၈,၄၃၀	-
၂	ဆိပ်ကမ်းလွင်ပြင်	-	-
၃	မြေအသုံးချမှုပရီမီယံကြေး	၃၇၀,၆၅၀	-
၄	ဆိပ်ခံတံတား	-	-
၅	ဆီသိုလှောင်ကန်များ	၇,၅၄၁,၈၅၆	၄၆၁၁
၆	အဆောက်အအုံများ	၈၅၄,၂၂၆	၁၁၀
၇	စက်ကိရိယာပစ္စည်းများ	၈၆၁,၅၀၀	၁,၇၉၂
၈	ရေပေးဝေရေးစနစ်	၇၀,၀၀၀	-
၉	ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများ	၃၀,၀၀၀	-
၉	လျှပ်စစ်ဖြန့်ဖြူးရေးစနစ်	၅၅,၀၉၁	-
၁၀	ငွေသား	၅၀၀,၀၀၀	-
	စုစုပေါင်း	**၁၂,၁၇၁၇၅၃**	**၆,၅၁၃**

MYANMA FOREIGN TRADE BANK

YANGON, MYANMAR

LETTER OF GUARANTEE

DATED : - - 2012

NO : ....

TO

MYANMA PORT AUTHORITY
YANGON, MYANMAR

PERFORMANCE BANK GUARANTEE NO. ....

In consideration of your having concluded the contract for the construction, operation and management of .... Project in Thilawa Port dated .... with ....Co., Ltd (hereinafter called "....................................") for the development of an Oil terminal at Thilawa Port area and it being a condition of the contract that a performance guarantee of one percent (1%) of the estimated investment cost in United States Dollars be established, we (Myanma Foreign Trade Bank) hereby irrevocably and unconditionally guarantee to pay you without delay on your first written demand through Myanma Foreign Trade Bank any amount claimed by you up to the extent of (Bank Guarantee Amount) against your written declaration that .... has refuses or failed to execute or perform any of the material terms and conditions of the aforesaid contract including that the activities pertinent to the construction of Oil Trunk under .... shall be commenced within 3 (three) months and the Oil terminal shall be operation within 2 (two) years from the date of signing of the Contracts.

This guarantee shall remain valid until 2 (two) years after the date of signing of the Contract.

Signature : ....

Designation : ....

Bank :.........................

.. BANK

YANGON, MYANMAR

LETTER OF GUARANTEE

DATED : - - 2012
REF NO : ....

TO

MYANMA PORT AUTHORITY
YANGON, MYANMAR

PERFORMANCE BANK GUARANTEE NO.......................

In consideration of your having concluded the contract for the construction, operation and management of .... Project in Thilawa Port dated .... with ....Co., Ltd (hereinafter called "......................................") for the development of an Oil terminal at Thilawa Port area and it being a condition of the contract that a performance guarantee of one percent (1%) of the estimated investment cost in Myanmar Kyats be established, we (...................) hereby irrevocably and unconditionally guarantee to pay you without delay on your first written demand through (.....................) any amount claimed by you up to the extent of (Bank Guarantee Amount) against your written declaration that .... has refuses or failed to execute or perform any of the material terms and conditions of the aforesaid contract including that the activities pertinent to the construction of Oil Trunk under .... shall be commenced within 3 (three) months and the Oil terminal shall be operation within 2 (two) years from the date of signing of the Contracts.

This guarantee shall remain valid until 2 (two) years after the date of signing of the Contract.

Signature : ....
Designation : ....
Bank :.........................

ပို့ဆောင်ရေးဝန်ကြီးဌာန

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

နှင့်

သူရိယစွမ်းအင်သိုလှောင်ရေးစီမံခန့်ခွဲမှုကုမ္ပဏီလီမိတက်

(Thuriya Energy Depot Management Co., Ltd.)

တို့အကြား

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းနယ်မြေ၊

သီလဝါဆိပ်ကမ်းဒေသတွင် စက်သုံးဆီသိုလှောင်ကန်များနှင့်

အထောက်အကူပြု အဆောက်အအုံများ တည်ဆောက်ပြီး၊

ဝန်ဆောင်မှုလုပ်ငန်းကို B.O.T စနစ်ဖြင့်

လုပ်ငန်းဆောင်ရွက်ရန်အတွက် ချုပ်ဆိုသည့်

မြေငှားစာချုပ် (မူကြမ်း)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းနယ်မြေ၊ သီလဝါဆိပ်ကမ်းဒေသတွင် စက်သုံးဆီသိုလှောင်ကန်များနှင့် အထောက်အကူပြုဆောက်အအုံများတည်ဆောက်ပြီး၊ B.O.T စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရန်နှင့် လွှဲပြောင်းရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် သူရိယစွမ်းအင် သိုလှောင်ရေးစီမံခန့်ခွဲမှု ကုမ္ပဏီလီမိတက် (Thuriya Energy Depot Management Co., Ltd) တို့အကြား ချုပ်ဆိုသည့် မြေငှားစာချုပ် (မူကြမ်း)

ဤမြေငှားစာချုပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့တွင် ..... ခုနှစ်၊ ..... လ (.....) ရက်နေ့၌

ဦးချိုသန်းမောင်၊ ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စားပြုသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ **မြန်မာ့ဆိပ်ကမ်းအာဏာပိုင်** (ဤမှနောင်တွင် "မြေငှားရမ်းသူ" ဟု ရည်ညွှန်းခေါ်ဆိုမည်ဖြစ်ရာ၊ ယင်းစကားရပ်တွင် စာသားအရသော်လည်းကောင်း၊ အဓိပ္ပါယ်အရသော်လည်းကောင်း၊ ရှေ့နောက်ဆန့်ကျင်ကွဲလွဲခြင်းမရှိပါက ၎င်း၏ဆက်ခံသူများနှင့် ခွင့်ပြုလွှဲအပ်သူများပါဝင်သည်ဟု မှတ်ယူရမည်) က တစ်ဖက်

နှင့်

ဦးသူရိန်အောင်၊ မန်နေဂျင်းဒါရိုက်တာ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်၊ ၁၂/ကမရ (နိုင်) ၀၅၀၈၃၉ ကိုယ်စားပြုသော ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ ဒဂုံစင်တာ၊ Block (A) 05-03 တွင်ရှိ **သူရိယစွမ်းအင်သိုလှောင်ရေးစီမံခန့်ခွဲမှုကုမ္ပဏီလီမိတက်(Thuriya Energy Depot Management Co., Ltd)** (ဤမှနောင်တွင် "မြေငှားချထားခြင်းခံရသူ"ဟု ရည်ညွှန်းခေါ်ဆိုမည်ဖြစ်ရာ၊ ယင်းစကားရပ်တွင် စာသားအရသော်လည်းကောင်း၊ အဓိပ္ပါယ်အရသော်လည်းကောင်း၊ ရှေ့နောက် ဆန့်ကျင်ကွဲလွဲခြင်းမရှိပါက ၎င်း၏ တရားဝင်ကိုယ်စားလှယ်များ၊ ဆက်ခံသူများနှင့် ခွင့်ပြုလွှဲအပ်သူများ ပါဝင်သည်ဟု မှတ်ယူရမည်) က အခြားတစ်ဖက်တို့ ချုပ်ဆိုကြပါသည်။

(က) "မြေငှားရမ်းသူ" သည် "ငှားရမ်းသည့်မြေ" ကို ဥပဒေအရ တရားဝင်ပိုင်ဆိုင်ခွင့် ရှိကြောင်း ကိုယ်စားပြု အာမခံချက်ပေးသဖြင့် လည်းကောင်း၊

(ခ) "မြေငှားရမ်းသူ" က ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းနယ်မြေ၊ သီလဝါဆိပ်ကမ်းဒေသရှိ ပူးတွဲ(၁)တွင် အနီရောင်ဖြင့် ဘောင်ခတ်ထားသော မြေကွက်အမှတ်၊ ၁၇၊ ၁၈(C) ဧရိယာ(၂၄. ၇၁)ဧက အကျယ်အဝန်းရှိ မြေနေရာ (နောင်တွင် "ငှားရမ်းသည့်မြေ" ဟု ရည်ညွှန်းခေါ်ဆိုရမည်)ကို ငှားရမ်းလိုသော ဆန္ဒရှိပြီး၊ "မြေငှားချထားခြင်းခံရသူ" က အောက်တွင် ဆက်လက်ဖော်ပြမည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ "ငှားရမ်းသည့်မြေ" ကို (နောင်တွင် "Thuriya Energy Depot Management Project" ဟု ရည်ညွှန်းခေါ်ဆိုမည်) အတွက် စက်သုံးဆီသိုလှောင်ကန်များနှင့် အထောက်အကူပြု အဆောက်အအုံများကို တည်ဆောက်၍ BOT စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ရန်အတွက် အငှားရယူလိုသဖြင့် လည်းကောင်း၊

ဤမြေငှားစာချုပ်ကို နှစ်ဦးနှစ်ဖက် အကြေအလည်ညှိနှိုင်းပြီး အောက်ပါအတိုင်း သဘောတူချုပ်ဆိုကြပါသည် -

၁။ အောက်ဖော်ပြပါအတိုင်း မြေအသုံးချမှုပရီမီယံကြေးနှင့် မြေငှားခကို ပေးချေရန် သဘောတူညီချက်ကိုထောက်ထား၍ "မြေငှားရမ်းသူ" သည် "မြေငှားချထားခြင်းခံရသူ" သို့ BOT စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရန် ချုပ်ဆိုသည့် ပဋိညာဉ်စာချုပ်၏ အပိုဒ်(၁၀)ပါ တည်ဆောက်ရေး ကာလစေ့ရောက်သည့်နေ့ (သို့မဟုတ်) တရားဝင်ဖွင့်လှစ်ခြင်း (Grand Opening) ပြုလုပ်သည့်နေ့၊ ထိုနေ့နှစ်ရပ်အနက် စောရာကာလမှ နှစ်ပေါင်း ၃၀ (သုံးဆယ်)နှစ် ခွင့်ပြုရန် သဘောတူညီသည်။

(က) **မြေအသုံးချမှုပရီမီယံ။** "ငှားရမ်းသည့်မြေ"ကို မြေငှားစာချုပ်ပါစည်းကမ်းချက်များနှင့်အညီ အငှားချထားမှုအတွက် မြေအသုံးချမှုပရီမီယံကြေးအဖြစ် မြေတစ်ဧကလျှင် ငွေကျပ်(၁၅၀) သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၇၀,၆၅၀,၀၀၀/- (ငွေကျပ် သုံးရာခုနှစ်ဆယ်သန်း ခြောက်သိန်း ငါးသောင်းတိတိ)ကို "မြေငှားချထားခြင်းခံရသူ" က "မြေငှားရမ်းသူ" ထံ အောက်ပါအတိုင်း ပေးသွင်းရမည် -

(၁) စာချုပ်လက်မှတ်ရေးထိုးပြီး ၁(တစ်)လအတွင်း ကျပ် ၁၈၅,၃၂၅,၀၀၀/- (ကျပ် တစ်ရာရှစ်ဆယ်ငါးသန်း သုံးသိန်းနှစ်သောင်းငါးထောင် တိတိ) ကို ပထမအရစ်အဖြစ် ပေးသွင်းရန်၊

(၂) စာချုပ်လက်မှတ်ရေးထိုးပြီး ၁၂ (တစ်ဆယ့်နှစ်) လ အတွင်း ကျပ် ၁၈၅,၃၂၅,၀၀၀/- (ကျပ် တစ်ရာရှစ်ဆယ်ငါးသန်း သုံးသိန်းနှစ်သောင်း ငါးထောင်တိတိ) ကို ဒုတိယရစ်အဖြစ် ပေးသွင်းရန်၊

(ခ) **မြေငှားခများ။** "မြေငှားချထားခြင်းခံရသူ" သည် "Thuriya Energy Depot Management Project" ကို တည်ဆောက်ပြီးသည်နှင့် လုပ်ငန်းများ လုပ်ကိုင်ခွင့်အတွက် အောက်တွင်ဖော်ပြထားသော နှုန်းထားများအတိုင်း လစဉ် မြေငှားရမ်းခအဖြစ်ငွေကျပ် ၁၃,၃၅၆,၇၅၇/-(ကျပ် တစ်ဆယ်သုံးသန်း သုံးသိန်း ငါးသောင်းခြောက်ထောင်ခုနှစ်ရာငါးဆယ်ခုနှစ်တိတိ)ကိုအင်္ဂလိပ်လဆန်း ၇(ခုနှစ်) ရက်မတိုင်မီ "မြေငှားရမ်းသူ"သို့ပေးသွင်းရမည်။ ပထမလအတွက် မြေငှားရမ်းခ စတင်ပေးဆောင်ရမည့်အစီအစဉ်ကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းသတ်မှတ်ရမည်။ ပေးဆောင်ရမည့် မြေငှားရမ်းခကို ဆိပ်ကမ်းလုပ်ငန်းများ စတင်ဆောင်ရွက်သည့် နေ့(သို့မဟုတ်)ကုမ္ပဏီ ၁၂-၆-၂၀၁၁ နေ့ အစည်းအဝေးတွင် တင်ပြထားသော စက်သုံးဆီများတင်/ချသိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများစတင်ဆောင်ရွက် ရန်လျာထားသည့်နေ့၏ နောက်တစ်နေ့(၁-၁-၂၀၁၃)နေ့ ထိုနေ့(၂)ရက်အနက် စောရာကာလမှ စတင်ပေးချေရမည် -

ကျောထောက်နောက်ခံမြေနေရာအတွက်မြေငှား =ကျပ် ၁၃,၃၅၆,၇၅၇/- ရမ်းခ (၂၄. ၇၁ ဧက x ၅၄၀၅၄၀. ၅၄/-)

၂။ ဤမြေငှားစာချုပ်သည် မြေငှားစာချုပ် လက်မှတ်ရေးထိုးသည့်နေ့မှ စတင်အကျိုး သက်ရောက်စေရမည်။

၃။ "မြေငှားချထားခြင်းခံရသူ" သည် "မြေငှားရမ်းသူ" ထံသို့ အောက်ပါအတိုင်း ခံဝန် ကတိပြုသည် -

(က) "ငှားရမ်းသည့်မြေ" အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ထပ်ဆင့်အငှားချထားခြင်း၊ ပေါင်နှံခြင်းမပြုရန်၊

(ခ) တည်ဆောက်မည့် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေး အဆောက်အအုံများနှင့် စက်ကရိယာများအတွက် ဆက်နွယ်သည့် ရင်းနှီးမြှုပ်နှံမည့် ကုန်ကျစရိတ်အားလုံးကို ကျခံရန်၊

(ဂ) "ငှားရမ်းသည့်မြေ"နေရာသို့ "မြေငှားရမ်းသူ" ၏ ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူများအား ၎င်းတို့၏ လုပ်ငန်းတာဝန်များကို လုပ်ဆောင်ရန်အလို့ငှာ ဝင်ရောက်ခွင့်ပြုရန်၊

(ဃ) "ငှားရမ်းသည့်မြေ" (သို့မဟုတ်)၎င်း၏ အစိတ်အပိုင်းပေါ်တွင်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ဆောင်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများ အားလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဥပဒေများနှင့် အညီအညွတ်ဖြစ်ရန်၊

(င) "ငှားရမ်းသည့်မြေ" (သို့မဟုတ်) ၎င်း၏ အစိတ်အပိုင်းပေါ်တွင် ကျသင့်မည့် လျှပ်စစ်မီး၊ ရေနှင့် စည်ပင်သာယာခွန်များအားလုံးကို ပေးချေရန်၊

၄။ "မြေငှားရမ်းသူ" သည် "မြေငှားချထားခြင်းခံရသူ" သို့ အောက်ပါအတိုင်း ခံဝန်ကတိပြုသည် -

(က) "မြေငှားရမ်းသူ" သည် "ငှားရမ်းသည့်မြေ" အား လက်ရောက် ပေးအပ်ငှားရမ်းရမည်၊

(ခ) "မြေငှားချထားခြင်းခံရသူ" သည် "ငှားရမ်းသည့်မြေ" သို့ ရည်မှန်းထားသည့် လုပ်ငန်းတာဝန်နှင့် သင့်မြတ်လျော်ကန်သော အသုံးအဆောင်များ ဆောက်လုပ်ရန်အတွက် ငြိမ်သက်စွာနှင့် အေးငြိမ်းစွာ ဝင်ရောက်နိုင်ခွင့်ပြုရမည်။ သို့ရာတွင် ၎င်းအသုံးအဆောင်များ၏ ဒီဇိုင်းများကို "မြေငှားရမ်းသူ" ၏ အတည်ပြုချက်ရရှိပြီးမှသာ ဆောက်လုပ်ခွင့်ပြုရမည်၊

(ဂ) “မြေငှားချထားခြင်းခံရသူ” သည် မြေငှားစာချုပ် သက်တမ်းကာလအတွင်း မည်သည့်အနှောက်အယှက်၊ အဟန့်အတားမှမရှိဘဲ၊ “မြေငှားရမ်းသူ”၏ ယုံမှတ်အပ်နှံခံရသူအနေဖြင့် “ငှားရမ်းသည့်မြေ” ကို ငြိမ်သက်စွာ လက်ဝယ်ရယူထားနိုင်ခွင့်ရှိစေရမည်၊

(ဃ) “မြေငှားရမ်းသူ” သည် “ငှားရမ်းသည့်မြေ”အတွက် မြေခွန်ကို ပေးဆောင်ရမည်၊

၅။ “မြေငှားချထားခြင်းခံရသူ” သည် ဤမြေငှားစာချုပ်ကို လက်မှတ်ရေးထိုးမှုကြောင့် ပေါ်ပေါက်လာသော တံဆိပ်ခေါင်းခွန်ကို ပေးချေရန်အတွက်လည်းကောင်း၊ မြေငှားစာချုပ်၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းတို့ကြောင့် ပေါ်ပေါက်လာသော အခွန်အခများကို ပေးချေရန်အတွက် လည်းကောင်း တာဝန်ရှိသည်။

၆။ “မြေငှားချထားခြင်းခံရသူ” သည် “မြေငှားရမ်းသူ” ၏ တရားဝင်စာဖြင့် ခွင့်ပြုချက်မရရှိဘဲ ဤမြေငှားစာချုပ်၏ ရည်ရွယ်ချက် တစ်စုံတစ်ရာကို ပြောင်းလဲခြင်း (သို့မဟုတ်) တည်ဆောက်ထားသော အဆောက်အအုံများကို ပြုပြင်ပြောင်းလဲခြင်းမပြုရန် သဘောတူပါသည်။

၇။ “မြေငှားချထားခြင်းခံရသူ” သည် ငှားရမ်းမြေပေါ်တွင် တူးဖော်ခြင်း (သို့မဟုတ်) ဖောက်ခွဲခြင်းလုပ်ငန်း ပြုလုပ်စဉ် အရေးကြီးသော မည်သည့်တွေ့ရှိမှုကိုမဆို “မြေငှားရမ်းသူ” ထံ ချက်ချင်းအကြောင်းကြားရမည်။ အရေးကြီးသောပစ္စည်းများ တွေ့ရှိမှုဆိုရာတွင် မြေတူးစဉ်နှင့် ဖောက်ခွဲမှုပြုလုပ်စဉ် တွေ့ရှိရသော အနုပညာ၊ ရှေးဟောင်းပစ္စည်းများ၊ သဘာဝသမိုင်း၊ ဒင်္ဂါးများနှင့် သိပ္ပံဆိုင်ရာအရေးပါသော အရာဝတ္ထုများ၊ ရှားပါးပြီး တန်ဖိုးရှိသောပစ္စည်းများနှင့် သဘာဝသယံဇာတ အရင်းအမြစ်များပါဝင်ပြီး အဆိုပါပစ္စည်းများသည် နိုင်ငံပိုင်ပစ္စည်းများ ဖြစ်ပြီး ၎င်း၏သဘောအတိုင်း ဆောင်ရွက်နိုင်ခွင့်ရှိသည်။

“မြေငှားရမ်းသူ” သည် အဆိုပါပစ္စည်းများကို သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းသို့ တင်ပြ၍ အတည်ပြုချက်ရယူပြီး မည်သည့်အချိန်တွင်မဆို လွတ်လပ်စွာတူးဖော်ရယူခွင့် ရှိစေရမည်။

၈။ "မြေငှားချထားခြင်းခံရသူ" သည် ဆောက်လုပ်ထားသော အဆောက်အအုံများနှင့် ၎င်းတို့၏ ပတ်ဝန်းကျင်တစ်ဝိုက်တွင် ဘေးအန္တရာယ်ကျရောက်မှုနှင့် ညစ်ညမ်းမှုတို့မှ ကာကွယ်ရန်အတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ၎င်း၏စရိတ်ဖြင့် ကျခံဆောင်ရွက်ရမည်။ ထို့အပြင် "မြေငှားချထားခြင်းခံရသူ" အနေဖြင့် "ငှားရမ်းသည့်မြေ" (သို့မဟုတ်) ၎င်း၏ အစိတ်အပိုင်းပေါ်တွင် ဆောင်ရွက်မည့် လုပ်ဆောင်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများကြောင့် ပေါ်ပေါက်လာမည့် မည်သည့်လျော်ကြေး တောင်းဆိုမှုကိုမဆို "မြေငှားရမ်းသူ" အပေါ်တွင် တာဝန်မရှိစေရ။

၉။ "မြေငှားချထားခြင်းခံရသူ" သည် ဤမြေငှားစာချုပ်၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်ပျက်ကွက်ပါက၊ ထိုသို့ပျက်ကွက်မှုအတွက် "မြေငှားရမ်းသူ" က ထုတ်ပြန်သော အကြောင်းကြားစာရပြီး ရက်ပေါင်း ၃၀ (သုံးဆယ်) အတွင်း ပျက်ကွက်မှုကို ပြန်လည်၍ မှန်အောင်ပြင်ဆင်ခြင်းမပြုလျှင် "မြေငှားရမ်းသူ" သည် ဤမြေငှားစာချုပ်ပါ "ငှားရမ်းသည့်မြေ" အပေါ် ပြန်လည်ဝင်ရောက်ခွင့်၊ မြေအားလုံးကို ပြန်လည်သိမ်းယူခွင့်ရှိသည်။ ထိုသို့ သိမ်းယူချိန်မှစ၍ မြေငှားရမ်းမှုကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ရရှိမှသာ ရပ်စဲ၊ အဆုံးသတ်ပြီး ဖြစ်ရမည်။ မြေသို့ပြန်လည်ဝင်ရောက်သည့် အခွင့်အရေးများသည် ဤမြေငှားစာချုပ်ပါ "မြေငှားရမ်းသူ" က "မြေငှားချထားခြင်းခံရသူ" ထံမှ ရရှိမည့်အခွင့်အရေးများနှင့် တောင်းဆိုပိုင်ခွင့်များကို မထိခိုက်စေရ။

၁၀။ (က) ဤမြေငှားစာချုပ် သက်တမ်းကာလအတွင်း မလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် ငှားရမ်းသုံးစွဲမှုကို ထိခိုက်ဆုံးရှုံးစေလျှင် "မြေငှားချထားခြင်းခံရသူ"သည် "မြေငှားရမ်းသူ" သို့ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခွင့်မရှိစေရ။ မလွန်ဆန်နိုင်သောဖြစ်ရပ်ဆိုသည်မှာ သဘာဝအလျောက်ကြုံတွေ့သည့်ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေလျှင်ဘေးစသည်များအပြင်၊ နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှု ပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်းစသည်တို့နှင့် စာချုပ်ဝင်တစ်ဖက်ဖက်က လိုအပ်သော သတိဝိရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန် မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များကို ဆိုလိုသည်၊

(ခ) ထိုသို့ မလွန်ဆန်နိုင်သောဖြစ်ရပ် ပေါ်ပေါက်ပါက ယင်းဖြစ်ရပ်ဖြစ်ပေါ်သည့် အချိန်မှ(၁၄)ရက်အတွင်း "မြေငှားချထားခြင်းခံရသူ" သည် "မြေငှားရမ်းသူ" သို့ ချက်ချင်းစာဖြင့် ရေးသားအကြောင်းကြားရမည်။ "မြေငှားရမ်းသူ" က လက်ခံ အတည်ပြုလျှင် မလွန်ဆန်နိုင်သော ဖြစ်ရပ်မြောက်ပြီး၊ မြေအသုံးချခွင့်နှင့် တိုက်ရိုက်သက်ဆိုင်သော ဖြတ်တောက်ကာလအပိုင်းအခြားအတွက် မြေငှားရမ်းခကို သက်သာခွင့်ပြုနိုင်သည်၊

၁၁။ ဤသဘောတူစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက နှစ်ဦးနှစ်ဖက်ပြေလည်စွာညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ဖြေရှင်း၍မရပါက ဥပဒေနှင့်အညီ သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တရားရုံး၏ ဆုံးဖြတ်ချက်ကိုခံယူရမည်။

၁၂။ ဤမြေငှားစာချုပ်တွင် မူလက မမျှော်မှန်းထားသော အခြေအနေတစ်ရပ်ရပ် (သို့မဟုတ်) အနေအထား တစ်ရပ်ရပ်ဖြစ်ပေါ်လာပါ၍ ဤမြေငှားစာချုပ်ကို ပြင်ဆင်ရန် (သို့မဟုတ်) ပြောင်းလဲရန်ပေါ်ပေါက်လာသည့်အခါ နှစ်ဖက်စာချုပ်ဝင်တို့သည် သင့်လျော်သည့်ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းနှင့် ဖြည့်စွက်ခြင်းများဆောင်ရွက်နိုင်ရန် သဘောရိုးဖြင့် ညှိနှိုင်းဆွေးနွေးရမည်။

၁၃။ ဤမြေငှားစာချုပ်ကို အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ပါက ရပ်စဲနိုင်သည်-

(က) လုပ်ငန်းတွင် ကြီးမားစွာ ဆက်တိုက်အရှုံးပေါ်ပေါက်နေခြင်း၊

(ခ) မြေငှားစာချုပ်ဝင်တစ်ဖက်ဖက်မှစာချုပ်ပါတာဝန်များဆောင်ရွက်ရန်ပျက်ကွက်ခြင်း၊

(ဂ) ကြိုတင်မမျှော်မှန်းနိုင်သည့်အပြင် တားဆီးခြင်းလည်းမပြုနိုင်သော မလွန်ဆန်နိုင်သော ဖြစ်ရပ်များသည် တစ်ဆက်တည်း (၆)လထက် ကျော်လွန်ဖြစ်ပွားခြင်း၊

(ဃ) လုပ်ငန်း၏မူလရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်စွမ်း မရှိတော့ခြင်း၊

(င) မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြ၍ နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် မြေငှားစာချုပ်ကို ရပ်စဲခြင်း၊

၁၄။ ဤမြေငှားစာချုပ်တွင် မျှော်မှန်းမထားသောအခြေအနေများ ပေါ်ပေါက်လာခြင်းကြောင့် မြေငှားစာချုပ်ကို ပြင်ဆင်ရန်လိုအပ်ပါက မြေငှားစာချုပ်ဝင်များသည် နှစ်ဦးနှစ်ဖက်စာဖြင့်

သဘောတူညီနိုင်းကြပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြ၍ သဘောတူညီချက်ရယူပြီးနောက် စာဖြင့်ရေးသား၍ ပြင်ဆင်ရမည်။ ထို့သို့ ပြင်ဆင်ချက်များကို ဤမြေငှားစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်သည်ဟု မှတ်ယူရမည်။

၁၅။ မြေငှားစာချုပ်ဝင် တစ်ဦးတစ်ဖက်စီက အခြားတစ်ဦးတစ်ဖက်အား ၎င်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဥပဒေများအရဖွဲ့စည်း၍ အခွင့်အာဏာအပ်နှင်းခြင်းခံရသော တရားဝင်ရပ်တည်ခွင့်ရှိသူဖြစ်ပြီး၊ ၎င်းတွင် ဤမြေငှားစာချုပ်ကိုချုပ်ဆိုရန် အလို့ငှာ လုပ်ပိုင်ခွင့်၊ အာဏာ၊ ခိုင်မာသော ဘဏ္ဍာရေးရပ်တည်မှုနှင့် အခွင့်အာဏာရှိသူဖြစ်ကြောင်း ကိုယ်စားပြုအာမခံချက် ပေးပါသည်။

၁၆။ ဤမြေငှားစာချုပ်ကို ဆောင်ရွက်ရန်နှင့် အကောင်အထည်ဖော်ရန် အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သက်ဆိုင်ရာ အစိုးရအာဏာပိုင်များထံမှ လိုအပ်သော သဘောတူခွင့်ပြုချက်များ ရရှိမှုပေါ်မူတည်သည်။

၁၇။ ဤမြေငှားစာချုပ်ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များ၊ ကျင့်ထုံးများနှင့်အညီ ဤမြေငှားစာချုပ်ကြောင့် ဖြစ်ပေါ်လာသော ဆောင်ရွက်ရန်တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၁၈။ ဤမြေငှားစာချုပ်သည် ဤစာချုပ် အပိုဒ်(၁) တွင် ဖော်ပြထားသည့်နေ့မှ နှစ်ပေါင်း ၃၀ (သုံးဆယ်) စေ့ရောက်ချိန်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

၁၉။ ဤမြေငှားစာချုပ် သက်တမ်းကုန်ဆုံးပြီးနောက်တွင် ဆက်လက် မြေငှားရမ်းမည်ဆိုပါက မြေငှားစာချုပ်သက်တမ်းမကုန်ဆုံးမီ ၆ (ခြောက်) လ အတွင်း ကြိုတင်ညှိနှိုင်း၍ မြေငှားစာချုပ်သက်တမ်းတိုးမြှင့်ပေးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ နှုန်းထားများနှင့်အညီ မြေငှားစာချုပ်သက်တမ်းတိုးရန် ဖြစ်သည်။

၂၀။ ဤမြေငှားစာချုပ် သက်တမ်းတိုးမြှင့်ခြင်းမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။

၂၁။ ဤမြေငှားစာချုပ် သက်တမ်းကုန်ဆုံးချိန် (သို့မဟုတ်) ရပ်စဲချိန်တွင် တပ်ဆင်ထားသော စက်ကိရိယာများအပါအဝင် "မြေငှားချထားခြင်းခံရသူ" က ဆောက်လုပ်ထားသည့် အဆောက်အဦများကို ကောင်းမွန်စွာ ထိန်းသိမ်းထားသော အနေအထားအတိုင်း အဖိုးစားနားမပါဘဲ "မြေငှားရမ်းသူ" ပိုင်ပစ္စည်းအဖြစ် လွှဲပြောင်းပေးရမည်။ အကယ်၍ "မြေငှားရမ်းသူ" မှ ၎င်းအဆောက်အဦများ အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း လက်ခံရန်ဆန္ဒမရှိလျှင် ထိုသို့လက်ခံနိုင်ခြင်းမရှိကြောင်း ညွှန်ကြားသည့် အဆောက်အအုံများကို "မြေငှားချထားခြင်းခံရသူ" ၏ တာဝန်နှင့် ကုန်ကျစရိတ်ဖြင့် လုံးဝဖယ်ရှားပေးရမည်။

သက်သေထင်ရှားစိမ့်သောငှာ၊ စာချုပ်ချုပ်ဆိုရာတွင် ပါဝင်သူများသည် အထက်ဖော်ပြပါ ----- နေ့ရက်၊ ----- လ၊ ----- ခုနှစ်တွင် ဤမြေငှားစာချုပ်ကို လက်မှတ်ရေးထိုးကြပါသည်။

(မြေငှားရမ်းသူ) ကိုယ်စားလက်မှတ်ရေးထိုးသူ	(မြေငှားချထားခြင်းခံရသူ) ကိုယ်စားလက်မှတ်ရေးထိုးသူ
(ချိုသန်းမောင်) ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်	(ဦးသူရိန်အောင်) မန်နေဂျင်းဒါရိုက်တာ သူရိယစွမ်းအင်သိုလှောင်ရေးစီမံခန့်ခွဲမှု ကုမ္ပဏီလီမိတက်

<u>အသိသက်သေများ</u>

အမည် -	အမည် -
ရာထူး -	ရာထူး -
ဌာန -	ဌာန -

၈။ ငွေကြေးဆိုင်ရာအထောက်အထားများ

Dagon International Limited

262-264, PYAY ROAD, DAGON CENTRE, #A03-01/02/03, MYAYNIGONE,
SANCHAUNG TOWNSHIP, YANGON, MYANMAR.
TEL : 95-1-503516, 503517, 503518, 503519, FAX : 95-1-504528; E-mail : DAGON@mptmail.net.mm

ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်း

ကျင်းပသည့်နေ့ ။ ။ ၆.၅.၂၀၁၃
ကျင်းပသည့်အချိန် ။ ။ နံနက်(၉)နာရီ
ကျင်းပသည့်နေရာ ။ ။ ကုမ္ပဏီရုံးအစည်းအဝေးခန်းမ
၂၆၂–၂၆၄ပြည်လမ်း၊ဒဂုန်စင်တာ၊မြေနီကုန်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်

အစည်းအဝေးတက်ရောက်သူများ

၁။ ဦးဝင်းအောင်	ဥက္ကဌ	၁၂/ ကမရ(နိုင်)၀၀၈၂၂၀
၂။ ဒေါ်မိုးမြမြ	ဒါရိုက်တာ	၁၂/ ကမရ(နိုင်)၀၄၅၀၃၉
၃။ ဦးကျော်ဇောအောင်	ဒါရိုက်တာ	၁၂/ စခန(နိုင်)၀၄၃၇၃၆
၄။ ဦးသူရိန်အောင်	ဒါရိုက်တာ	၁၂/ ကမရ(နိုင်)၀၅၀၈၃၉
၅။ ဒေါ်အိနှင်းပွင့်	ဒါရိုက်တာ	၁၂/ ကမရ(နိုင်)၀၅၀၈၃၈

ဒါရိုက်တာ(၅)ဦးစလုံးတက်ရောက်ပါသဖြင့်အစည်းအဝေးအထမြောက်ပါသည်။

အစည်းအဝေးဆွေးနွေးချက်များ

ကုမ္ပဏီဥက္ကဌမှ Dagon International Ltd၏ကုမ္ပဏီခွဲတခုဖြစ်သော Thuriya Energy Depot Management Co., Ltd၏ငွေကြေးဆိုင်ရာကိစ္စရပ်များပက်သက်၍ ဆွေးနွေးကြပြီးအောက်ပါအတိုင်း သဘောတူဆုံးဖြတ်ကြပါသည်။

အစည်းအဝေးဆုံးဖြတ်ချက်များ

Dagon International Ltd၏ကုမ္ပဏီခွဲတခုဖြစ်သော Thuriya Energy Depot Management Co., Ltd. သည်သီလဝါဆိပ်ကမ်းစက်သုံးဆီသိုလှောင်ကန်များတည်ဆောက်ရန် နှင့်ဆီသိုလှောင်သည့်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန်လိုအပ်သောငွေကြေးဆိုင်ရာကိစ္စများကို Dagon International Ltd မှ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဒါရိုက်တာ အဖွဲ့မှသဘောတူ ဆုံးဖြတ်ပါသည်။

မှတ်တမ်းတင်သူ

ဒေါ်မိုးမြမြ
ဒါရိုက်တာ

အတည်ပြုသူ

ဝင်းအောင်
ဥက္ကဌ

<u>အစည်းအဝေးတက်ရောက်သူများ</u>

၁။ ဦးဝင်းအောင်	ဥက္ကဋ္ဌ	
၂။ ဒေါ်မိုးမြမြ	ဒါရိုက်တာ	
၃။ ဦးကျော်ဇောအောင်	ဒါရိုက်တာ	
၄။ ဦးသူရိန်အောင်	ဒါရိုက်တာ	
၅။ ဒေါ်အိနှင်းပွင့်	ဒါရိုက်တာ	

THURIYA ENERGY DEPOT MANAGEMENT COMPANY LIMITED.
N0. 262-264, Pyay Road, Dagon Centre, #A05-03, Myaynigone, Sanchaung Township, Yangon.
Tel : 95-1-514226, 514227, 503516 ~ 9 Fax : 95-1-516616, 504528

ငွေကြေးအထောက်အထားများနှင့်ပတ်သက်၍ ဝန်ခံကတိပြုချက်

သူရိယစွမ်းအင်သိုလှောင်ရေး စီမံခန့်ခွဲမှု ကုမ္ပဏီလီမိတက် (Thuriya Energy Depot Management Co., Ltd.)သည် စက်သုံးဆီသိုလှောင်သည့် ဝန်ဆောင်မှုလုပ်ငန်း လုပ်ဆောင်ရန် ဒဂုန်အင်တာနေရှင်နယ် လီမိတက်၏ အသစ်ထပ်မံဖွဲ့စည်းလိုက်သည့် ကုမ္ပဏီခွဲတစ်ခု ဖြစ်ပါသည်။ အဆိုပါကုမ္ပဏီအသစ်၏ ငွေကြေးကိစ္စများနှင့်ပတ်သက်၍ မြန်မာကျပ်ငွေစာရင်းအား ကမ္ဘောဇဘဏ်တွင် ဖွင့်လှစ်ထားရှိပြီး၊ နိုင်ငံခြား ငွေစာရင်းအား မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) တွင် ဖွင့်လှစ်ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

ဒဂုန်အင်တာနေရှင်နယ်လီမိတက်၏ ကုမ္ပဏီခွဲဖြစ်သည့် သူရိယစွမ်းအင်သိုလှောင်ရေး စီမံခန့်ခွဲမှု ကုမ္ပဏီလီမိတက် (Thuriya Energy Depot Management Co., Ltd.) ၏ ငွေကြေးနှင့်ပတ်သက်သည့် လိုအပ်ချက်များအား ပင်မကုမ္ပဏီမှ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး၊ ပင်မကုမ္ပဏီ၏ လက်ရှိသုံးစွဲနေသော မြန်မာကျပ်ငွေနှင့် နိုင်ငံခြားငွေဘဏ်စာရင်းများမှလည်း ပံ့ပိုးသုံးစွဲသွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(ဒဂုန်အင်တာနေရှင်နယ်လီမိတက်၏ ဘဏ်ရှင်းတမ်းမိတ္တူပူးတွဲ)

လေးစားစွာဖြင့်

THURANE AUNG
MANAGING DIRECTOR
THURIYA ENERGY DEPOT MANAGEMENT CO.,LTD.

Permission hr (Fire & EIA SIA)

Myanma Investment and Commercial Bank

Yangon

Date 2 3 APR 2013

To

Dagon International Ltd.

We hereby certify that the balance standing at the credit of the account of DKD 410009 with Myanma Investment and Commercial Bank Yangon at the close of business on the 8.4.2013 was Kyats- 1001791373/08 (Kyats one thousand and one million seven hundred and ninety one thousand three hundred and seventy three pyas eight only

Yours Faithfully

Asst:/Dy: Manager Manager
Domestic Banking Department
Myanma Investment and Commercial Bank

4.doc domestic letter head

30-1-13

MYANMA FOREIGN TRADE BANK
YANGON

A/C No : 1DAO491071

Dated : 30-1-2013

Dagon International Limited.

BALANCE CERTIFICATE

Dear Sir,

We hereby certify that the balance of your Foreign Currency Account No. 1DAO491071 with us as at 30-1-2013 Was US$ 150,939.25 (US$ one hundred fifty thousand nine hundred thirty nine & cents twenty five) only.

Yours faithfully,

Manager
Accounts Department

၉။ ကုမ္ပဏီဆိုင်ရာ အထောက်အထားများ

001410

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

အမှတ် ....၂၈၇၄......./ ၂၀၁၁-၂၀၁၂

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ......သူရိယစွမ်းအင် သိုလှောင်ရေး စီမံခန့်ခွဲမှု......

..........ကုမ္ပဏီ လီမိတက်.......................... အား ပေးရန်တာဝန် ကန့်သတ်ထားသော လီမိတက်

ကုမ္ပဏီအဖြစ် ..၂၀၁၁.. နှစ်၊ ....နိုဝင်ဘာ.... လ၊ ..၃၀.. ရက်နေ့တွင် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ဝန်ဆောင်မှု
SERVICES

(အေးကို)

ညွှန်ကြားရေးမှူးချုပ်

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR

MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

CERTIFICATE OF INCORPORATION

NO. ....2874....... of 2011 - 2012

I hereby certify that ......THURIYA ENERGY DEPOT MANAGEMENT......

......COMPANY LIMITED...................... is this day incorporated

under the Myanmar Companies Act and that the company is Limited.

Given under my hand at Nay Pyi Taw this ......THIRTIETH...... day

of ......NOVEMBER, TWO THOUSAND AND ELEVEN......

ပြည်ပသို့အလုပ်သမားစေလွှတ်မည့်
လုပ်ငန်း လုပ်ကိုင်ပါကအလုပ်သမား
ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်အလျောက်အကိုင်
အကျိုး ဆောင်လိုင်စင်ရယူပြီး
ဆောင်ရွက်ရမည်။

(AYE KO)

Director General

Directorate of Investment and Company Administration

7

FORM VI

RETURN OF ALLOTMENTS
THE MYANMAR COMPANIES ACT.

(See Section 104)

(To be filed with the Registrar within one month after the Allotment is made)

Return of allotment from the 18th of JUNE XXXX 2012

on the of 200 of the * THURIYA ENERGY DEPOT MANAGEMENT COMPANY LIMITED.

Made pursuant to Section 104(1)

Number of the shares allotted payable in cash ..... 2000 SHARES

" " " " .....

Nominal amount of the shares so allotted KS. 20,000,000/-

" " " " .....

Amount paid or due and payable on each such share ..... KS. 10,000/-

" " " " .....

Number of ordinary shares allotted for a consideration other than cash

Nominal amount of the ordinary shares so allotted .....

Amount to be treated as paid on each such share .....

The consideration for which such share have been allotted is as follows:-

---

NOTE: In making a return of allotments under Section 104(1) the Myanmar Companies Act., it is to be noted that-

1. When a return includes several allotments made on different dates, the actual date of only the first and last of such allotment should be entered at the tip of the front page, and the registration of the return should be effected within one month of the first date.

2. When a return relates to one allotment only, made on one particular date, that date only should be inserted and the spaces for the second date struck out and the world made substituted for the world "From" after the world "allotments" above.

Here insert name of Company.

Distinguish between preference, ordinary, or other description of shares.

FORM VI

RETURN OF ALLOTMENTS
THE MYANMAR COMPANIES ACT.

(See Section 104)

(To be filled with the Registrar within one month after the allotment is made)

Return of allotment from the 26th of DECEMBER 2012

on the of of the * THURIYA ENERGY DEPOT MANAGEMENT COMPANY LIMITED.

Made pursuant to Section 104 (1)

Number of the shares allotted payable in cash .... 10000 SHARES

" " " " ....

Nominal amount of the shares so allotted ....KS. 100,000,000/-

" " " " ....

Amount paid or due and payable on cash such share.......KS. 10,000/-

" " " " ....

Number of ordinary shares allotted for a consideration other than cash

Nominal amount of the ordinary shares so allotted ....

Amount to be treated as paid on each such share ....

The consideration for which such share have been allotted is as follow: -

---

NOTE : In making a return of allotted under Section 104 (1) the Myanmar Companies Act., it is to be noted that-

1. When a return include several allotments made on different dates, the actual date of only the first and last of such allotment should be entered at the tip of the front page, and the registration of the return should be effected within one month of the first date.
2. When a return relates to one allotment only, made on one particular date, that date only should be inserted and the spaces for the second date struck out and the world made substituted for the world " From" after the world " allotments" above.

Here insert name of Company.

Distinguish between preference, ordinary, or other description of shares.

၁၀။ သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်း

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီ

သုရိယစွမ်းအင်သိုလှောင်
စီမံခန့်ခွဲမှု ရေး **ကုမ္ပဏီ လီမိတက်**

၏

သင်းဖွဲ့မှတ်တမ်း

နှင့်

သင်းဖွဲ့စည်းမျဉ်းများ

❖ ❖ ❖ ❖ ❖ ❖ ❖

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

Memorandum Of Association

AND

Articles Of Association

OF

THURIYA ENERGY DEPOT MANAGEMENT COMPANY LIMITED

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ

သု ဂံ ယ စွ မ်း အ င်သို လှေ ၁ င် ဧ ရိး
စိ မ် ခ န့် ခွဲ မှု

ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့မှတ်တမ်း

❖ ❖ ❖ ❖ ❖ ❖ ❖

၁။ ကုမ္ပဏီ၏ အမည်သည် " သု ဂံ ယ စွ မ်း အ င်သို လှေ ၁ င် ဧ ရိး စိ မ် ခ န့် ခွဲ မှု ကုမ္ပဏီ လီမိတက် " ဖြစ်ပါသည်။

၂။ ကုမ္ပဏီ၏ မှတ်ပုံတင် အလုပ်တိုက်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း တည်ရှိရမည်။

၃။ ကုမ္ပဏီ တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်များမှာ တစ်ဖက်စာမျက်နှာပါအတိုင်း ဖြစ်ပါသည်။

၄။ အစုဝင်များ၏ ပေးရန်တာဝန်ကို ကန့်သတ်ထားသည်။

၅။ ကုမ္ပဏီ၏ သတ်မှတ်မတည်ငွေရင်းသည် ကျပ် ၁၀၀၁၀၀၀၀၁၀၀ /- (ကျပ် သန်း ၁၀ ၀ ၀ ၀ ၁ င် တိတိ) ဖြစ်၍ ငွေကျပ် ၁၀၁၀၀ /- (ကျပ် ၁၀ စ် သေ ၁ င်း တိတိ) တန် အစုရှယ်ယာပေါင်း (၁၀၀၁၀၀) ခွဲထားပါသည်။ ကုမ္ပဏီ၏ ရင်းနှီးငွေကို ကုမ္ပဏီ၏ စည်းမျဉ်းများနှင့် လက်ရှိတရားဝင် တည်ဆဲဖြစ်နေသော ဟရားဥပဒေအထွေထွေ ပြဋ္ဌာန်းချက်များ နှင့် အညီ အခါအားလျော်စွာ သင်းလုံးကျွတ် အစည်းအဝေး၌ တိုးမြှင့်နိုင်ခွင့်၊ လျှော့ချနိုင်ခွင့် နှင့် ပြင်ဆင်နိုင်ခွင့်အာဏာ ရှိစေရမည်။